# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊ နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၁၀၀)၊ ၁၃၈၇ ခုနှစ် ၊ တပေါင်းလပြည့်ကျော် ၈ ရက်၊ ၁၀-၃-၂၀၂၆၊ အင်္ဂါနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရေး။

# ၂၀၂၅-၂၀၂၆ ပညာသင်နှစ် လူရည်ချွန်စီမံကိန်းဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် မတ် ၉

၂၀၂၅-၂၀၂၆ ပညာသင်နှစ် လူရည်ချွန်စီမံကိန်းဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃)အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဦးနေမျိုးလှိုင်၊ ဆက်စပ်ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယခုရွေးချယ်ခံရသည့် လူရည်ချွန်များကိုလည်း သတင်းစာများတွင် နာမည်အလိုက် ထည့်သွင်းကြေညာထားပြီးဖြစ်ပါကြောင်း၊ လူရည်ချွန်များရွေးချယ်ရာ၌ အခြေခံပညာနှင့် အဆင့်မြင့်ပညာကဏ္ဍများတွင် ရွေးချယ်ခဲ့ပါကြောင်း၊ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် နဝမတန်း ကျောင်းသား၊ ကျောင်းသူ ၉၆ ဦး၊ ဒသမတန်း ကျောင်းသား၊ ကျောင်းသူ ၁၃၂ ဦး၊ ဧကာဒသမတန်း ကျောင်းသား၊ ကျောင်းသူ ၁၃၃ ဦး၊ ဒွါဒသမတန်း ကျောင်းသား၊ ကျောင်းသူ ၉၉ ဦး စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၄၆၀ ကို နိုင်ငံပိုင်သတင်းစာများတွင် ထုတ်ပြန်ထားပြီးဖြစ်ပါကြောင်း၊ အဆင့်မြင့်ပညာဦးစီးဌာနအနေဖြင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၌ ပထမနှစ် လူရည်ချွန်ကျောင်းသား၊ ကျောင်းသူ ၁၄၈ ဦးနှင့် ဒုတိယနှစ် လူရည်ချွန်ကျောင်းသား၊ ကျောင်းသူ ၁၄၃ ဦး စုစုပေါင်း လူရည်ချွန်ကျောင်းသား၊ ကျောင်းသူ ၂၉၁ ဦးတို့ကို သတင်းစာတွင် ဆက်လက်ထုတ်ပြန်လျက်ရှိပါကြောင်း၊ တက်ရောက်လာကြသူများအနေဖြင့် လူရည်ချွန်စခန်းများ ရွေးချယ်သတ်မှတ်နိုင်ရေး ဆွေးနွေးကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် လူရည်ချွန်စီမံကိန်းဗဟိုကော်မတီ အတွင်းရေးမှူး(၁) အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းဇော်ဦးနှင့် လူရည်ချွန်စီမံကိန်းဗဟိုကော်မတီ အတွင်းရေးမှူး(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စွာသွင်တို့က လူရည်ချွန်စီမံကိန်းဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။



ယင်းနောက် ဆက်စပ်ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက အကြံပြုဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဦးနေမျိုးလှိုင်တို့က ဆွေးနွေးတင်ပြမှုများအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာကြသူများက ၂၀၂၅-၂၀၂၆ ပညာသင်နှစ် နဝမတန်း၊ ဒသမတန်း၊ ဧကာဒသမတန်းနှင့် ဒွါဒသမတန်း လူရည်ချွန်ကျောင်းသား၊ ကျောင်းသူများ၊ ပထမနှစ်နှင့် ဒုတိယနှစ် လူရည်ချွန်ကျောင်းသား၊ ကျောင်းသူများကို လူရည်ချွန်စခန်းအသီးသီးသို့ စေလွှတ်နိုင်ရေးအတွက် လူရည်ချွန်စခန်းများသတ်မှတ်ခြင်း၊ နိုင်ငံတော်အကြီးအကဲသြဝါဒခံယူပွဲအတွက် ဆွေးနွေးခြင်း၊ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် ကူညီပံ့ပိုးပေးနိုင်သည့်လုပ်ငန်းများကို ဝိုင်းဝန်းဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက လူရည်ချွန်စီမံကိန်းအောင်မြင်စွာ ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာ ဝန်ကြီးဌာနအသီးသီးက အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်

နေပြည်တော် မတ် ၉

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း)တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

**မြန်မာ့ပင်လယ်ပြင်မှာ** လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၃ ပေမှ ၅ ပေခန့် ရှိနိုင်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်ပါသည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။ **မိုး/ဇလ**

၂၀၂၆ ခုနှစ်၊ မတ် ၁၀ ရက်၊ အင်္ဂါနေ့။

မန္တလေး နေ့စဉ်

## ဂျိုင်း(ဇာသပြင်)တံတားနှင့် အတ္တရံတံတားအသစ်ဖွင့်လှစ် ကုန်စည်စီးဆင်းမှုများ ပိုမိုကောင်းမွန်မြန်ဆန်လာမည်

မြန်မာ-ဂျပန် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုဖြင့် တည်ဆောက်သော ကရင်ပြည်နယ် ဘားအံမြို့ ဂျိုင်း(ဇာသပြင်)တံတားအသစ်နှင့် မွန်ပြည်နယ် မော်လမြိုင်မြို့ အတ္တရံတံတားအသစ် ဖွင့်ပွဲအခမ်းအနားများကို မတ် ၈ ရက်နံနက်ပိုင်းတွင် သတ်မှတ်နေရာများ၌ ကျင်းပခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ကရင်ပြည်နယ် ဘားအံမြို့ရှိ ဂျိုင်း(ဇာသပြင်)တံတားအသစ် ဖွင့်ပွဲအခမ်းအနားသို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးထွန်းအံ့၊ ဦးမင်းနောင်၊ ဦးမျိုးသန့်၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းတို့က မင်္ဂလာအချိန်တွင် ဂျိုင်း(ဇာသပြင်)တံတားအသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောက ဂျိုင်း(ဇာသပြင်)တံတားအသစ်ကမ္ပည်းမော်ကွန်းအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် အမှတ်တရ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး အသစ်တည်ဆောက်ပြီးစီးသည့် တံတားကြီးပေါ်မှ ဖြတ်သန်းကြည့်ရှုခဲ့ကြသည်။ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ အတ္တရံတံတားအသစ် ဖွင့်ပွဲအခမ်းအနားသို့ ဆက်လက်တက်ရောက်ကြသည်။ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးအောင်ကျော်ထွန်း၊ ဗိုလ်ချုပ်ဖြိုးသန့်နှင့် ဦးမျိုးမြင့်တို့က အတ္တရံတံတားအသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောက အတ္တရံတံတားအသစ် ကမ္ပည်းမော်ကွန်းအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် အမှတ်တရ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး အသစ်တည်ဆောက်ပြီးစီးသည့် တံတားကြီးပေါ်မှ ဖြတ်သန်းကြည့်ရှုခဲ့ကြသည်။

ဂျိုင်း(ဇာသပြင်)တံတားအသစ်သည် သံမဏိကြိုးဆိုင်းတံတားဖြစ်ပြီး တံတား၏အရှည်မှာ ၂၆၁၅ ပေ၊ ယာဉ်သွားလမ်း အကျယ် လေးလမ်းသွား၊ ရေလမ်းကင်းလွတ်အကျယ် ပေ ၇၅၀ နှင့် အမြင့် ပေ ၄၀ ရှိကာ တံတား၏ခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်း ၇၅ တန်ဖြစ်သည်။ အတ္တရံတံတားသစ်သည်လည်း သံမဏိကြိုးဆိုင်းတံတားဖြစ်ပြီး တံတား၏အရှည်မှာ ၁၅၇၅ ပေ၊ ယာဉ်သွားလမ်းအကျယ် လေးလမ်းသွား၊ ရေလမ်းကင်းလွတ်အကျယ် ပေ ၄၀၀၊ အမြင့် ပေ ၄၀ ရှိကာ တံတား၏ခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်း ၇၅ တန်ဖြစ်ပြီး ကုန်စည်စီးဆင်းမှုများ ပိုမိုကောင်းမွန်မြန်ဆန်လာမည်ဖြစ်သည်။

အဆိုပါ ခေတ်မီသံမဏိကြိုးဆိုင်းတံတားကြီးများ တည်ဆောက်ပြီးစီးခဲ့ခြင်းကြောင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ဒေသတွင်းလူမှုစီးပွားဘဝများနှင့် ပြည်တွင်း၊ ပြည်ပ စီးပွားရေးလုပ်ငန်းများလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ အလုပ်အကိုင်အခွင့်အလမ်းများလည်း ပိုမိုရရှိလာကြမည်ဖြစ်သည်။ ယင်းတံတားများကို အသုံးပြု၍ မွန်ပြည်နယ် မော်လမြိုင်မြို့မှတစ်ဆင့် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့တွင်တည်ဆောက်မည့် အထူးစီးပွားရေးဇုန်၊ ရေနက်ဆိပ်ကမ်းနှင့် ရန်ကုန်မြို့ရှိ သီလဝါအထူးစီးပွားရေးဇုန်သို့လည်း ကုန်စည်စီးဆင်းမှုများ ပိုမိုကောင်းမွန်မြန်ဆန်လာမည်ဖြစ်သကဲ့သို့ အရှေ့-အနောက် စီးပွားရေးစင်္ကြံလမ်းပေါ်ရှိ ဗီယက်နမ်၊ လာအို၊ ထိုင်းနိုင်ငံများနှင့်ပါ ဆက်သွယ်သွားလာနိုင်မည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

## မုံရွာမြို့တွင် တစ်ကျော့ပြန်ညဈေး ကန်သာယာတွင် ဖွင့်လှစ်

**မုံရွာ မတ် ၉**

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့တွင် တစ်ကျော့ပြန်ညဈေးကို ဒေါနခြံရပ်၊ ကန်သာယာတောင်ဘက်ပတ်လမ်းတွင် မတ် ၈ ရက် ညနေပိုင်းက ဖွင့်လှစ်လိုက်သည်။

ကန်သာယာညဈေး ဖွင့်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က အဖွင့်အမှာစကားပြောကြားပြီး မုံရွာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ မြို့နယ်အမှုဆောင်အရာရှိ ဦးထွန်းထွန်းက ညဈေးနှင့်ပတ်သက်သည့်အချက်အလက်များကို ရှင်းလင်းပြောကြားသည်။ ကန်သာယာညဈေးကို စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကျော်သူရ၊ စစ်ကိုင်းတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသစ်ထူးမြင့်နှင့် မုံရွာခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးတင့်ဇော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

မုံရွာမြို့ပေါ်တွင် ညဈေးကို ၁၉၉၀ ပြည့်လွန်နှစ်များမှ စတင်၍ ချင်းတွင်းရတနာဈေးရှေ့ ဈေးသိမ်းချိန်နောက်ပိုင်းတွင် စားသောက်စရာ၊ မုန့်ပဲသရေစာများကို တည်ခင်းရောင်းချခဲ့ကြပြီး နောက်ပိုင်းတွင် မုံရွာမြို့နာရီစင်နားမှ ဗိုလ်ချုပ်ကြေးရုပ်အထိနှင့် ရွှေစည်းခုံဘုရားဝန်းကျင်အထိ ညဈေးဖွင့်လှစ်ရောင်းချခဲ့ကြောင်း သိရသည်။

ထိုနေရာသည် ယာဉ်အသွားအလာများပြားရာ ယာဉ်အန္တရာယ်ရှိပြီး နေအိမ်ပိုင်ရှင်များ၊ ဆိုင်ခန်းရှင်များအတွက် အခက်အခဲ၊ စိတ်အနှောင့်အယှက်ဖြစ်ပေါ်စေသည့်အတွက် ညဈေးတန်းကို ရုံးကြီးလမ်းသို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့သည်။

အဆိုပါ ရုံးကြီးလမ်းတွင် ဖွင့်လှစ်ရာ ဌာနဆိုင်ရာရုံးများရှိပြီး ဝန်ထမ်းအိမ်ရာများရှိသည့်အတွက် အခက်အခဲများကြုံတွေ့ခဲ့ရရာမှ ကိုဗစ် ၁၉ ကူးစက်ရောဂါဖြစ်ရာမှစ၍ မုံရွာမြို့ ညဈေးမရှိခဲ့တော့ခြင်းဖြစ်သည်။ မုံရွာမြို့တွင် တစ်ကျော့ပြန်ညဈေးကို ဒေါနခြံရပ်၊ ကန်သာယာတောင်ဘက်ပတ်လမ်းတွင် ဖွင့်လှစ်လိုက်ခြင်းဖြစ်သည်။

**၃၉၄**

**သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper@gmail.com** မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

**သင့်ကျန်းမာရေးအတွက်နေ့စဉ် လမ်းလျှောက်ပါ။**

## ပလတ်စတစ်(ကြွပ်ကြွပ်အိတ်) မသုံးစွဲရနေ့ (Monday Stop) လှုပ်ရှားမှုဆောင်ရွက်

**ပြင်ဦးလွင် မတ် ၉**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးရုံးမှ တာဝန်ရှိသူများသည် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့နှင့် ပူးပေါင်း၍ ပြင်ဦးလွင်ခရိုင်အတွင်း အပတ်စဉ် တနင်္လာနေ့တိုင်း ပလတ်စတစ်(ကြွပ်ကြွပ်အိတ်)မသုံးစွဲရနေ့ (Monday Stop)လှုပ်ရှားမှုအဖြစ် ယနေ့နံနက်ပိုင်းက ပြင်ဦးလွင်မြို့၊ မြို့မဈေးတွင် ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဈေးဝယ်လာရောက်သူများနှင့် ဈေးရောင်းချသူများအား တနင်္လာနေ့တိုင်း ပလတ်စတစ်အိတ်များ အသုံးပြု၍ ဈေးရောင်း၊ ဈေးဝယ်ခြင်းမပြုလုပ်ကြရန် အသိပညာပေးခြင်း၊ ဈေးဝယ်လာသူများထံမှ ပလတ်စတစ်အိတ်များနှင့် Recycle Bag များ လဲလှယ်ပေးခြင်းနှင့် လက်ကမ်းစာစောင်ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သွေးသွေး**

**(ခရိုင်/ပြန်ဆက်)**

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး မတ် ၉**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသောဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိရာ ယနေ့ နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ ၁၀ လမ်း၊ ဓာတ်ငွေ့စက်ရုံအနီးနှင့် ချမ်းမြသာစည်မြို့နယ်၊ ချမ်းတောင်ရပ်ကွက်၊ ၇၈ လမ်း၊ ဦးပွားခုံးကျော်တံတားအရှေ့ထိပ်တို့တွင် ရောင်းချပေးခဲ့သည်။




သက်သာဈေးရောင်းချမည့် အစီအစဉ်များမှာ မတ် ၁၀ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ လမ်း ၉၀၊ ၂၉ လမ်းနှင့် လမ်း ၃၀ ကြား၊ ကျောက်ဆစ်မီးသတ်အနီးနှင့် ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ ၁၂၁ လမ်း၊ ၅၂ လမ်း၊ ၅၃ လမ်းကြားတို့တွင်လည်းကောင်း၊ မတ် ၁၁ ရက်တွင် မဟာအောင်မြေမြို့နယ်၊ သံလျက်မျော်ရပ်ကွက်၊ ၄၁ လမ်းနှင့် လမ်း ၉၀ ထောင့်၊ သင်္ဂဇာချောင်းအနောက်ဘက်နှင့် အမရပူရမြို့နယ်၊ ဈေးချိုရပ်ကွက်၊ ထန်းတပင်ရပ်၊ လမ်းငါးခွ၊ စစ်-မန်းလမ်းအရှေ့ဘက်၊ ၁၁၈(A) လမ်းတို့တွင်လည်းကောင်း၊ မတ် ၁၂ ရက်တွင် ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ ၄၅ လမ်းနှင့် ၄၆လမ်းကြား၊ လမ်းလျှောက်ကစားကွင်းတွင်လည်းကောင်း၊ မတ် ၁၃ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်၊ ၂၇ လမ်း၊ ၇၁ လမ်းနှင့် ၇၂ လမ်းကြားနှင့် အမရပူရမြို့နယ်၊ လေးစုရပ်ကွက်၊ လေးစုဓမ္မာရုံ၊ အထက(၁)အနောက်ဘက်တို့တွင် ရောင်းချပေးသွားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ ဈေးနှင့်သားသတ်ဌာနဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(ဝဲပုံ)**

**(မန္တလေးနေ့စဉ်-၆)**

၀-၀-၀-၀-၀

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

# သက်ကြီးပုဂ္ဂိုလ်များတွေ့ဆုံဆွေးနွေးခြင်း အလုပ်ရုံဆွေးနွေးပွဲကျင်းပ



နေပြည်တော် မတ် ၉

သက်ကြီးပုဂ္ဂိုလ်များတွေ့ဆုံဆွေးနွေးခြင်း အလုပ်ရုံဆွေးနွေးပွဲကို ယနေ့တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် အမရာဟိုတယ်၌ ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံသက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက သက်ကြီးပုဂ္ဂိုလ်များ၏ စကားသံများကို နားထောင်ပြီး လိုအပ်သော ပံ့ပိုးမှုများ ဆောင်ရွက်နိုင်စေရန်၊ လူ့အဖွဲ့အစည်းအတွင်း သက်ကြီးပုဂ္ဂိုလ်များ ပါဝင်ဆောင်ရွက်ခွင့် ရရှိနိုင်စေရန်၊ သက်ကြီးပုဂ္ဂိုလ်များအပေါ် အလေးထားမှုကို ပြသနိုင်စေရန်နှင့် သက်ကြီးများအချင်းချင်း တွေ့ဆုံခြင်းဖြင့် အတွေ့အကြုံများ မျှဝေနိုင်စေရန် ရည်ရွယ်၍ အလုပ်ရုံဆွေးနွေးပွဲများကို ရန်ကုန်မြို့၌ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၂၇ ရက်တွင်လည်းကောင်း၊ မန္တလေးမြို့၌ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၄ ရက်တွင်လည်းကောင်း ကျင်းပခဲ့ပြီး ယခုနေပြည်တော်၌ တတိယအကြိမ်အဖြစ် ကျင်းပခြင်းဖြစ်ကြောင်း၊ လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် သက်ကြီးပုဂ္ဂိုလ်များ စောင့်ရှောက်ရေး လုပ်ငန်းများကို ဘိုးဘွားရိပ်သာ အခြေပြု စောင့်ရှောက်ခြင်း၊ ရပ်ရွာအခြေပြု စောင့်ရှောက်ခြင်းနှင့် နေ့ပိုင်းစောင့်ရှောက်ရေး ဂေဟာများ ဖွင့်လှစ်စောင့်ရှောက်ခြင်းစသည့် နည်းလမ်းများဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ သက်ကြီးသူများ သည် နိုင်ငံတော်က အလေးထားတန်ဖိုးထားရသော အတွေ့အကြုံများစွာရှိသော နိုင်ငံသားများဖြစ်ကြပါကြောင်း၊ သက်ကြီးပုဂ္ဂိုလ်များ တွေ့ဆုံဆွေးနွေးခြင်း အလုပ်ရုံဆွေးနွေးပွဲမှရရှိလာမည့် အကြံပြုချက်များနှင့် ဆွေးနွေးချက်များကိုအခြေခံ၍ သက်ကြီးပုဂ္ဂိုလ်များ စောင့်ရှောက်ရေးနှင့် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ ပိုမိုတိုးတက်ကောင်းမွန်စေရန် ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် သက်ကြီးပုဂ္ဂိုလ်များစောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ သက်ကြီးသူချင်း ကူညီစောင့်ရှောက်ရေးအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် သက်ကြီးပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြသည်။

ဆက်လက်၍ အလုပ်ရုံဆွေးနွေးပွဲကိုကျင်းပရာ လူမှုအသိုင်းအဝိုင်းအတွင်း သက်ကြီးပုဂ္ဂိုလ်များအား စောင့်ရှောက်မှု၊ အခြေခံပံ့ပိုးမှုများအပေါ် လက်လှမ်းမီမှုနှင့် အတွေ့အကြုံများကို အုပ်စုလိုက်ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် မန္တလေးတိုင်းဒေသကြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ်(၁/၂၀၂၆)သို့ တက်ရောက်




မန္တလေး မတ် ၉

မန္တလေးတိုင်းဒေသကြီး မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ်(၁/၂၀၂၆)အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်တိုင်းဒေသကြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီ အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေး၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ဆွေးနွေးသုံးသပ်ဆုံးဖြတ်ချက်များအပေါ် လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဥပဒေ၊ နည်းဥပဒေနှင့်အညီ တိကျမှန်ကန်စွာဖြင့် အချိန်ကြန့်ကြာမှုမရှိ အကောင်အထည်ဖော်ဆောင်ရွက်သွားရေးနှင့် တိုင်းဒေသကြီးအတွင်း သစ်တောဖုံးလွှမ်းမှုဧရိယာများ လျော့နည်းမသွားရေး၊ မြေလွတ်၊ မြေရိုင်း၊ လယ်ယာမြေများနှင့် ပတ်သက်၍ မြေအသုံးချနေမှုများအား ဥပဒေနှင့်အညီ စနစ်တကျမှန်ကန်စေရန် ကြပ်မတ်ဆောင်ရွက်သွားရေးတို့ကို မှာကြားခဲ့သည်။

၄င်းနောက် တိုင်းဒေသကြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီ အတွင်းရေးမှူးက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားလုပ်ငန်းများအတွက် လျှောက်ထားသော အမှုတွဲများနှင့် လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲ၊ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီးနောက် တိုင်းဒေသကြီး မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီ အဖွဲ့ဝင်များက အထွေထွေအကြံပြုဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆွေးနွေးချက်များနှင့်အကြံပြုချက်များအပေါ် ပေါင်းစပ်၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

# ခဲပန်းချီသင်တန်းနှင့် အင်္ဂလိပ်(Speaking & Grammer)သင်တန်းများကို (အခမဲ့)ဖွင့်လှစ်သင်ကြား

မကွေး မတ် ၉

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Centre ခန်းမ၌ နွေရာသီကျောင်းပိတ်ရက်ကာလတွင် အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန်၊ ဉာဏစွမ်းအင်များ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ကျောင်းသား၊ ကျောင်းသူများအား အသိပညာဗဟုသုတများ တိုးပွားစေရန် ရည်ရွယ်၍ ခဲပန်းချီသင်တန်းနှင့် အင်္ဂလိပ်(Speaking & Grammer) သင်တန်းများကို ယနေ့နံနက် ၉ နာရီမှစ၍ အခမဲ့ ဖွင့်လှစ်သင်ကြားလျက် ရှိသည်။

ရှေးဦးစွာ မကွေးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မေသန္တာအောင်က အမှာစကားပြောကြားကာ ပန်းချီကျွမ်းကျင်ပညာရှင် ဦးသူရိန်မြိုင်နှင့်ပန်းချီပညာရှင်တို့က ခဲပန်းချီရေးဆွဲနည်းများကို နံနက် ၉ နာရီမှ ၁၁ နာရီအထိ လက်တွေ့သင်ကြားပေးလျက်ရှိသည်။ ဆက်လက်၍ မွန်းလွဲ ၂ နာရီ မှ ၃ နာရီခွဲထိ အင်္ဂလိပ်စာနည်းပြဆရာများက အင်္ဂလိပ်( Speaking & Grammer) သင်တန်းများကို စာတွေ့၊ လက်တွေ့သင်ကြားပေးလျက်ရှိသည်။

အဆိုပါသင်တန်းများကို မတ် ၉ ရက်မှ ၃၀ ရက်အထိ သုံးပတ်ကြာ အခမဲ့ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ပြီး မကွေးမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူ ၅၇ ဦးတို့က စိတ်ပါဝင်စားစွာ လာရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။

(ယာပုံ)

မောင်ခိုင်မင်း(ပြန်/ဆက်)

၀-၀-၀-၀-၀








# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ရတနာပုံတက္ကသိုလ် (၂၆)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်၊ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအတွက် စာစစ်ဌာနများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေး

**မန္တလေး မတ် ၉**

ရတနာပုံတက္ကသိုလ် (၂၆) နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းက အမရပူရမြို့နယ်ရှိ ရတနာပုံတက္ကသိုလ်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ရတနာပုံတက္ကသိုလ် ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ(ဌာနမှူး)များ၊ စီမံဝန်ထမ်းများ၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဘာသာရပ်အလိုက် ဈေးရောင်းပွဲများတွင် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပါဝင်ဆင်နွှဲနေမှုများကို လိုက်လံကြည့်ရှုအားပေးကြသည်။

အခမ်းအနားကို အားကစားခန်းမ(၁)တွင် ဆက်လက်ကျင်းပရာ ကျောင်းသူများက ပညာစုံရတနာပုံသီချင်းဖြင့် ဂုဏ်ပြုတင်ဆက်၍ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုသည် မျိုးဆက်သစ်လူငယ်များ၏ ပညာတတ်မြောက်မှုများပေါ်တွင် များစွာမူတည်နေပါကြောင်း၊ သုတေသနလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး၊ ဘာသာရပ်ဆိုင်ရာ အရည်အသွေးမြင့်မားရေး၊ သင်ကြားရေးနှင့် သုတေသနလုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးတို့ကို နိုင်ငံတော်က အလေးထားဆောင်ရွက်နေပါကြောင်း၊ ယခုလို ဆောင်ရွက်မှုများသည် ကျောင်းသား၊ ကျောင်းသူများ၏ ကိုယ်ရည်ကိုယ်သွေးများ တိုးတက်စေရေး၊ ဆရာ၊ ဆရာမများ၏ စွမ်းဆောင်ရည်များ ထူးချွန်ထက်မြက်စေရေးတို့တွင် များစွာအထောက်အကူဖြစ်ပါကြောင်း၊ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်သော၊ စည်းကမ်းစနစ်ရှိသော၊ ဗလငါးတန်ဖွံ့ဖြိုးသော ပညာတတ်လူတော် လူကောင်းများ မွေးထုတ်ပေးနိုင်ရေး အားလုံးဝိုင်းဝန်းကြိုးစားသွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

၎င်းနောက် ရတနာပုံ တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ တင့်မိုးသူဇာက တက္ကသိုလ်၏ ဖွံ့ဖြိုးမှုများနှင့် ကျေးဇူးတင်စကားများ ပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ရတနာပုံ တက္ကသိုလ် ပါမောက္ခချုပ်တို့က နိုင်ငံတော်အဆင့်နှင့် အခြားအဆင့်တို့တွင် စာပေ၊ အားကစားနှင့် လူမှုကဏ္ဍတို့တွင် ဆုရရှိသူများ၊ တက္ကသိုလ်တွင်း သန့်ရှင်းသာယာလှပဆုရရှိသည့် ဘာသာရပ်ဌာနများအား ဆုတံဆိပ်များနှင့် ဂုဏ်ပြုဆုငွေများ၊ ထောက်ပံ့ငွေများနှင့် ကပြဖျော်ဖြေခဲ့ကြသည့်အဖွဲ့များအား ဂုဏ်ပြုငွေများ ချီးမြှင့်ခဲ့ကြပြီးနောက် ကျောင်းသား၊ ကျောင်းသူများ၏ ဂုဏ်ပြုတင်ဆက်ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးခဲ့ကြသည်။

၎င်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် အားကစားခန်းမ(၂)တွင် ကျောင်းသား၊ ကျောင်းသူများ စုပေါင်းသွေးလှူဒါန်းနေမှုများကို သွားရောက်ကြည့်ရှုကာ မန္တလေးပြည်သူ့ဆေးရုံအုပ်ကြီး ဦးဆောင်သည့် ကျန်းမာရေးအဖွဲ့က ကျောင်းသား၊ ကျောင်းသူများအား သွေး မလှူဒါန်းမီ ကျန်းမာရေးစစ်ဆေးပေးနေမှုများနှင့် သွေးလှူဒါန်းနေကြသည့် ကျောင်းသား၊ ကျောင်းသူများကို လိုက်လံနှုတ်ဆက် အားပေးစကားများ ပြောကြားခဲ့ပြီး ဂုဏ်ပြုငွေများကို ချီးမြှင့်ခဲ့သည်။

၎င်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အတွက် စာစစ်ဌာနများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားမှုများကို လိုက်လံကြည့်ရှုစစ်ဆေးရာ မဟာအောင်မြေမြို့နယ်ရှိ အမှတ်(၂)အခြေခံပညာအလယ်တန်းကျောင်း(ထခွဲ)၊ ချမ်းအေးသာစံမြို့နယ်ရှိ အမှတ်(၁၄) အခြေခံပညာ အထက်တန်းကျောင်းနှင့် အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်းများသို့ ရောက်ရှိစဉ် တိုင်းဒေသကြီး ဝန်ကြီးချုပ်အား တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက တိုင်းဒေသကြီးအတွင်း တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများ၏ စာရင်းသွင်းဦးရေ၊ စာစစ်ဌာနများဖွင့်လှစ်ထားရှိမှုများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က စာစစ်ဌာနများတွင် တာဝန်ယူဆောင်ရွက်ကြမည့် ကြီးကြပ်ရေးမှူးများနှင့် တွဲဖက်ကြီးကြပ်ရေးမှူးများ၊ တာဝန်ရှိသူများ အနေဖြင့် စာမေးပွဲလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆောင်ရွက်ကြရာတွင် မြန်မာနိုင်ငံ စာစစ်ဦးစီးဌာနက ထုတ်ဝေသည့် တက္ကသိုလ်ဝင်စာမေးပွဲဆိုင်ရာ လုပ်ငန်းလက်စွဲအတိုင်း အလေးအနက်ထားကာ အထူးဂရုစိုက်ဆောင်ရွက်သွားရေး၊ ကျောင်းသား၊ ကျောင်းသူများ လုံခြုံစိတ်ချပြီး စိတ်ချမ်းမြေ့စွာဖြင့် စာမေးပွဲပြီးဆုံးသည်အထိ ဖြေဆိုနိုင်ရေး၊ စာမေးပွဲဖြေချိန်အမီ ရောက်ရှိရေးနှင့် အကြောင်းမဲ့ ပျက်ကွက်ခြင်း မရှိစေရေး၊ စာဖြေခန်းများ သန့်ရှင်းသပ်ရပ်ရေးနှင့် အလင်းရောင်ကောင်းမွန်စွာ ရရှိစေရေးတို့ကို အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားရေး၊ အခက်အခဲများရှိပါက အချိန်နှင့်တစ်ပြေးညီ တင်ပြသွားရေးတို့ကို မှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)





သတင်း-စာမျက်နှာ ၄









# စိုက်ပျိုးရေး မိုးလေဝသခန့်မှန်းချက် မတ် ၉ ရက်မှ ၁၅ ရက်အတွင်း

**ဘင်္ဂလားပင်လယ်အော် အခြေအနေ**

ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် အများအားဖြင့် သာယာနိုင်ပြီး ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနိုင်ကာ ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနိုင်သည်။

**မိုးရွာသွန်းနိုင်မှု အခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်အရှေ့ပိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့်တောင်ပိုင်း)တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနိုင်ပြီး နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတို့တွင် အများအားဖြင့် သာယာမည်။

**အမြင့်ဆုံးအပူချိန် အခြေအနေ**

ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် (၇၁) ဒီဂရီဖာရင်ဟိုက်မှ (၈၀)ဒီဂရီဖာရင်ဟိုက်အတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့် မြောက်ပိုင်း)တို့တွင် (၈၁)ဒီဂရီဖာရင်ဟိုက်မှ (၉၀)ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (၉၁)ဒီဂရီဖာရင်ဟိုက်မှ(၁၀၀) ဒီဂရီဖာရင်ဟိုက်အတွင်း ရှိနိုင်သည်။

**အနိမ့်ဆုံးအပူချိန် အခြေအနေ**

ချင်းပြည်နယ်တွင် (၄၄) ဒီဂရီဖာရင်ဟိုက်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် (၅၁)ဒီဂရီဖာရင်ဟိုက်မှ (၆၁) ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် (၆၂)ဒီဂရီဖာရင်ဟိုက်မှ (၇၃)ဒီဂရီဖာရင်ဟိုက်အတွင်း ရှိနိုင်သည်။

**လေထုစိုထိုင်းဆ အခြေအနေ**

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၄၈ ရာခိုင်နှုန်းမှ ၅၈ ရာခိုင်နှုန်းအတွင်း၊ မကွေးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ၅၉ ရာခိုင်နှုန်းမှ ၆၈ ရာခိုင်နှုန်းအတွင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့် အနောက်ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် ၆၉ ရာခိုင်နှုန်းမှ ၇၈ ရာခိုင်နှုန်းအတွင်းနှင့် ပဲခူးတိုင်းဒေသကြီး တောင်ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် ၇၉ ရာခိုင်နှုန်းမှ ၈၈ ရာခိုင်နှုန်းအတွင်း ရှိနိုင်သည်။

**ပင်ငွေ့ရေငွေ့ပျံနှုန်း အခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် (၁၉) မီလီမီတာမှ (၂၉)မီလီမီတာအတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (၃၀)မီလီမီတာမှ (၄၀)မီလီမီတာအတွင်း ရှိနိုင်ကြောင်း စိုက်ပျိုးရေးမိုးလေဝသဌာနခွဲမှ ထုတ်ပြန်ထားကြောင်း သိရသည်။ **ရွှေမန်း**



# နာဂဒေသ၊ ပန်ဆောင်တွင် ကော်ဖီသီးများ စတင်ဆွတ်ခူး

စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ၊ ပန်ဆောင်ဒေသတွင်ကော်ဖီသီးများ ရင့်မှည့်လာပြီဖြစ်၍ စိုက်ပျိုးထားသူ တောင်သူများ ကော်ဖီသီး စတင်ဆွတ်ခူးနေကြပြီဖြစ်သည်။

ကော်ဖီသီးကို အစိုအတိုင်း ရောင်းချလျက်ရှိကြသလို နေလှန်းအခြောက်ခံကာ ကော်ဖီစေ့များ ထုတ်လုပ်သူများလည်းရှိသည်။

ပန်ဆောင်ဒေသရှိ ကော်ဖီစိုက်တောင်သူများသည် အာရေဘီးကားကော်ဖီမျိုးနှင့် ရိုဘတ်စတာကော်ဖီမျိုးကို စိုက်ပျိုးထားကြပြီး အာရေဘီးကားမျိုးများမှာစောစောရင့်မှည့်၍ စောစောဆွတ်ခူးကြရပြီး အချို့တောင်သူများမှာ ကော်ဖီနည်းပညာဖွံ့ဖြိုးရေးခြံ၊ ကော်ဖီသီးနှံဌာနခွဲတို့မှ အရည်အသွေးကောင်းမွန်သော ကော်ဖီစေ့များရရှိရန် ကော်ဖီဆွတ်ခူးခြင်းနည်းပညာ ဖြန့်ဝေပေးမှုများအတိုင်း လုပ်ဆောင်ဆွတ်ခူးကြသည်။

သို့သော် အချို့တောင်သူများမှာ မိသားစုစားဝတ်နေရေး အဆင်ပြေစေရန် အစိုအတိုင်း ဦးစားပေးဆွတ်ခူးကြရာ လက်ရှိအချိန်တွင်ကော်ဖီသီးအစို လေးထောင့်ပုံးတစ်ပုံးလျှင် ငွေကျပ် ၅၀၀၀ မှ ၆၅၀၀ ကြားဈေးဖြင့် ရောင်းချကြရကြောင်းသိရသည်။

**(အောက်ပုံ)**

**(၃၉၄)**



# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Black Pink မှ Rose က VMAS ဆုပေးပွဲတွင် တစ်နှစ်တာအကောင်းဆုံးဆုရရှိ

Black Pink အဖွဲ့ဝင် Rose သည် နယူးဇီလန်တွင် မွေးဖွားပြီး ဩစတြေးလျနိုင်ငံတွင် ကြီးပြင်းကာ ကေပေါ့ပ်အနုပညာရှင်အဖြစ် တစ်ကိုယ်တော်ဂီတနှင့် VMAS ဆုပေးပွဲတွင် တစ်နှစ်တာအကောင်းဆုံးဆုရရှိထားကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

Black Pink အဖွဲ့တွင် အဓိကအဆိုရှင်တာဝန်ယူခဲ့ပြီး တစ်ကိုယ်တော်ဂီတကို အမေရိကန် Label နှင့် ချိတ်ဆက်၍ စိတ်တိုင်းကျ ဦးဆောင်ဖန်တီးခဲ့ပြီး ဘရူနိုမတ်စ်နှင့်တွဲ၍ APT ဖြင့် အောင်မြင်မှု ရရှိထားသည်။

ကိုရီးယားပြည်တွင်း ဂီတချပ်များတွင်သာမက ကမ္ဘာ့နိုင်ငံပေါင်းများစွာထိ ထိပ်ဆုံးစာရင်းဝင်ခဲ့ပြီး ကမ္ဘာ့အကြီးဆုံးဂီတပလက်ဖောင်းနှစ်ခုဖြစ်သည့် YouTube နှင့် Spotify ကိုပါ စံချိန်တင်နိုင်ခဲ့ရာ VMAS ဆုပေးပွဲတွင် တစ်နှစ်တာ အကောင်းဆုံးဆုကို ရရှိခဲ့ခြင်းဖြစ်သည်။

Rose က VMAS ဆုပေးပွဲတွင် အမြင့်ဆုံးသော အဓိကဆုကို ရရှိဆွတ်ခူးသွား၍ Black Pink အဖွဲ့ ပရိသတ်များ ဂုဏ်ယူမဆုံးဖြစ်နေကြသည်။ (SKY)






## Avatar 3 ရုပ်ရှင်တွင် Motion Edit များ စိတ်ဝင်စားခံရ

ကမ္ဘာကျော် Avatar 3 ရုပ်ရှင်တွင် Motion Edit ဗီဒီယိုတည်းဖြတ်မှုများပါဝင်ပြီး ပရိသတ်စိတ်ဝင်စားခံရကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ကမ္ဘာ့အဆင့်မီရုပ်ရှင်ဇာတ်ကားကြီးအတွက် ဗီဒီယိုတည်းဖြတ် Motion Edit တာဝန်ယူထားသူမှာ မြန်မာပြည်သားတစ်ဦးဖြစ်နေ၍ ပရိသတ်ပိုစိတ်ဝင်စားခဲ့ကြသည်။

ရုပ်ရှင်ဇာတ်ကားအပြီး စာတန်းထိုးသည့်နေရာတွင် ကိုကျော်စောအောင်ဟု မြန်မာနာမည်ကို ထည့်ပေးထားသဖြင့် အဆိုပါ ရုပ်ရှင်အတွက် ဗီဒီယိုတည်းဖြတ်မှုများ ပြုလုပ်ခဲ့သူမှာ မြန်မာနိုင်ငံသား တစ်ဦးဖြစ်ခဲ့၍ ပရိသတ်များက ဂုဏ်ယူမဆုံးဖြစ်နေကြသည်။

ထိုရုပ်ရှင် Avatar ဇာတ်ကားကြီးကို အပိုင်း(၃)ပိုင်းအထိ ဒါရိုက်တာ ဂျိမ်းစ်ကင်မရွန်းက ဖန်တီးရိုက်ကူးထားရာ ကမ္ဘာ့နိုင်ငံအနှံ့ ပရိသတ်အားပေးမှုများစွာ ရရှိခဲ့သည်။ (SKY)

## လကမ္ဘာမှ မြေဆီလွှာအတုကို အသုံးပြု၍ ကုလားပဲပင်များကို အောင်မြင်စွာ စိုက်ပျိုး

သုတေသီများသည် လကမ္ဘာမှ မြေဆီလွှာအတုကို အသုံးပြု၍ ကုလားပဲပင်များကို မကြာသေးမီက အောင်မြင်စွာ စိုက်ပျိုးရိတ်သိမ်းနိုင်ခဲ့ကြသည်။

၎င်းသည် လကမ္ဘာမြေနှင့် တူညီအောင် ဖန်တီးထားသော အရာဝတ္ထုထဲတွင် အဆိုပါသီးနှံကို ပထမဆုံးအကြိမ် ထုတ်လုပ်နိုင်ခြင်းလည်း ဖြစ်သည်။

အမေရိကန်ပြည်ထောင်စု တက္ကဆက် အေအင်န်အမ်တက္ကသိုလ်မှ ပူးပေါင်းဆောင်ရွက်သူများနှင့်အတူ ပြုလုပ်ခဲ့သော ထိုသုတေသန၏ရလဒ်ကို မတ် ၅ ရက်ထုတ် သိပ္ပံဆိုင်ရာအစီရင်ခံစာများ ဂျာနယ်၌ ဖော်ပြခဲ့သည်။

ထိုကဲ့သို့သော အခြေအနေမျိုးတွင် သီးနှံများ ရှင်သန်နိုင်ခြင်း ရှိ၊ မရှိ လေ့လာရန်အတွက် သုတေသနအဖွဲ့သည် အက်ဇို လစ်သ်ဓာတ်ခွဲခန်းမှ ထုတ်လုပ်သော လကမ္ဘာမြေဆီလွှာအတုကို အသုံးပြုခဲ့ကြောင်း သိရသည်။ (SCI)





## Rain က အမေရိကန်ဖျော်ဖြေပွဲအကြောင်း ရင်ဖွင့်

အဆိုတော်၊ သရုပ်ဆောင် အနုပညာရှင် ရိန်း(ခေါ်)ဂျုံဂျီဟွန်းသည် ရသစုံရှိုးပွဲတစ်ခုတွင် သူ၏ အမေရိကန်ဖျော်ဖြေပွဲအကြောင်း ရင်ဖွင့်မျှဝေထားကြောင်း ကိုရီးယားဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုတော် ရိန်းသည် အဆို၊ အက စွမ်းရည်သာမက သရုပ်ဆောင်စွမ်းရည်လည်း ပြည့်ဝသူဖြစ်ကာ အမေရိကန်နိုင်ငံတွင် တစ်ကိုယ်တော်ဂီတပွဲကျင်းပစဉ်က စိတ်ဖိစီးမှုများအကြောင်း ပရိသတ်ကို ရင်ဖွင့်မျှဝေပေးခဲ့သည်။

ရိန်း၏ ဖျော်ဖြေပွဲမတိုင်မီ တစ်ရက်တွင် အခြားအနုပညာရှင်တစ်ဦးက ဖျော်ဖြေပွဲပြုလုပ်ခဲ့သဖြင့် ၇ နာရီအတွင်း ပြင်ဆင်ခဲ့ရပြီး ပင်ပန်းနွမ်းနယ်နေခဲ့ကာ စိတ်ဖိစီးမှုရှိခဲ့သည်ဟု ဆိုသည်။

ဖျော်ဖြေပွဲမစမီ လက်မှတ်များ ရောင်းကုန်၍ လူပြည့်မှုမြန်ဆန်ခြင်းကို မသိခဲ့ကြောင်း၊ အမေရိကန်တွင် နောက်ဆုံးအပတ်၌ လက်မှတ်ရောင်းအားကောင်းခဲ့ကြောင်း၊ ထိုအခါမှ စိတ်သက်သာရာ ရခဲ့သည်ဟု သူ၏အတိတ်ကို နှိမ့်ချစွာ ပြောင်းပြန်သုံးသပ်၍ ငယ်စဉ်က ဖျော်ဖြေပွဲတွင် လူပြည့်သည်ကို ထူးဆန်းသည်ဟု ထင်ခဲ့ကာ သူ့ပွဲကို ပရိသတ်လာကြည့်မှသာ သဘောပေါက်ခဲ့ကြောင်းနှင့် အားပေးနေသေးသည့် ပရိသတ်များကိုလည်း ကျေးဇူးတင်စကားပြောကြားသွားခဲ့သည်။ (SKY)

## စပိန်မင်းသမီး Anade Armas ပရိသတ်အားပေးမှုရရှိ



ကျူဘားစပိန်မင်းသမီးလေး Anade Armas သည် အသက် ၁၈ နှစ်နှင့် အနုပညာရှင်ဖြစ်ခဲ့ပြီး ပရိသတ်အားပေးမှုတစ်ခဲနက် ရရှိထားကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

Anade Armas သည် အသက် ၁၈ နှစ် မပြည့်မီကပင် အနုပညာနယ်ပယ်သို့ ဝင်ရောက်ခဲ့ပြီး ဟောလိဝုဒ်အနုပညာလောကတွင် နာမည်ရလာခဲ့သည်။

Anade Armas ပါဝင်ထားသည့် Blade Runner တွင် ချောမောလှပပြီး ဆွဲအားပြင်းသည့် ကိုယ်ခန္ဓာဖွဲ့စည်းပုံနှင့် မျက်လုံးရွှဲကြီးများကြောင့် ပရိသတ် သတိထားမိခဲ့ရာမှ ကျော်ကြားလာခဲ့ခြင်း ဖြစ်သည်။

လက်ရှိ အသက် ၃၅ နှစ်ပြည့်ပြီဖြစ်ပြီး အနုပညာလုပ်ငန်းများနှင့်ပျော်မွေ့နေကာ ပရိသတ်အားပေးမှု တစ်ခဲနက်ရရှိထားသူ ဖြစ်သည်။ (SKY)

## Zhao Lusi က တစ်နှစ်တာ ဩဇာအရှိဆုံး အနုပညာရှင်ဆုရ



တရုတ်မင်းသမီးချော Zhao Lusi သည် တရုတ်အနုပညာထူးချွန်ဆုပေးပွဲ ဝိန်ဘိုနိုက်တွင် တစ်နှစ်တာ ဩဇာအရှိဆုံး အနုပညာရှင်ဆုကိုရရှိခဲ့ကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

Zhao Lusi ၏ ရှေ့နေအဖွဲ့က Bilibili Platform ပေါ်မှ အသုံးပြုသူအချို့ကို တရားစွဲဆိုထားပြီး လူသိရှင်ကြား တောင်းပန်ရန်နှင့် နစ်နာကြေးပေးရန်ပါ တောင်းဆိုထားရာ အောင်မြင်မှုများကြားမှ စိန်ခေါ်မှုများကို ဖြတ်ကျော်နေရ၍ ပရိသတ်ချီးကျူးမဆုံး ဖြစ်ခဲ့ကြသည်။

အဆိုပါ ပွဲတော်တွင် ဘုရင်နှင့် ဘုရင်မဆုကို ရှောင်းကျန့်နှင့် ယောင်းမီတို့က ရရှိခဲ့ပြီး နှစ်ဦးစလုံး သုံးကြိမ် ရရှိထားကာ Zhao Lusi က တစ်နှစ်တာ ဩဇာအရှိဆုံး အနုပညာရှင်ဆု ရရှိပြီး ၂၀၀၀ ပြည့်နှစ်မှ ၂၀၂၅ ခုနှစ်အတွင်း အောင်မြင်မှုရရှိထားသော အနုပညာရှင် ခြောက်ဦးစာရင်းဝင် ဖြစ်ခဲ့သည်။ (SKY)

## Squid Game Season 4 ရုပ်ရှင်ဇာတ်ကားသစ် ထွက်ရှိလာ

သေမင်းနှင့် အသက်ရှင်မှု လဲလှယ်ရသည့်ကစားပွဲ Squid Game Season 4 ဇာတ်ကားသစ်ထွက်ရှိလာကြောင်း ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဇာတ်ကားသစ်တွင် ယခင်ထက် အန္တရာယ်ပိုမိုများပြားပြီး လျှို့ဝှက်အဆင့်သစ်တစ်ခုသို့ ဝင်ရောက်လာကြပုံကို ဖော်ပြထားကာ နာမည်ကြီးကစားသမားဟောင်း 456 က အကြမ်းဖက်ကစားပွဲအမှတ်တရကြားမှ ပြန်လည်ပေါ်ထွက်၍ ဂိမ်း၏အရင်းအမြစ်ကို ဖျက်ဆီးရန်ဆုံးဖြတ်ပုံကို ရိုက်ကူးတင်ဆက်ထားသည်။

ကစားပွဲသစ်တွင် ကလေးဘဝ ရိုးရှင်းသည့်ဂိမ်းများနှင့် လူ့စိတ်၊ လူ့ယဉ်ကျေးမှုကို ဖျက်ဆီးစေမည့်နည်းလမ်းများ ပြောင်းလဲထားကာ မိသားစု၊ မိတ်ဆွေတို့၏ ယုံကြည်မှုကိုပါ စမ်းသပ်မှုများ ပါဝင်ထားသည်။

နောက်ကွယ်မှ မျက်နှာဖုံးတပ် အုပ်ချုပ်သူသစ်တစ်ဦး၊ ဂိမ်း၏ အစပြုလာရသည့်အကြောင်းအရင်းနှင့် နောက်ဆုံးအနိုင်ရရှိသွားသူတို့အကြောင်း ပရိသတ်ကို မေးခွန်းများနှင့် ထပ်မံထိုးဖောက်ဝင်ရောက်လာခဲ့သည်။ (SKY)



## ရွှေဈေး တစ်ရက်အတွင်း အပြင်းထန်ဆုံး ကျဆင်းခဲ့သော်လည်း ဝေါလ်စထရိရှိ ရင်းနှီးမြှုပ်နှံသူများက ဂရုမပြုဘဲ လျစ်လျူရှုထား




**ဝါရှင်တန် မတ် ၉**

ရွှေဈေးနှုန်းသည် လွန်ခဲ့သော လအနည်းငယ်အတွင်း အပြင်းထန်ဆုံး ဈေးနှုန်းကျဆင်းမှုနှင့် ကြုံတွေ့ခဲ့ရသော်လည်း ဝေါလ်စထရိရှိ ရင်းနှီးမြှုပ်နှံသူများမှာမူ ယင်းအခြေအနေကို များစွာ ဂရုမပြုဘဲ လျစ်လျူရှုထားကြကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

လွန်ခဲ့သော တစ်နှစ်ခန့်က ရွှေတစ်အောင်စလျှင် ၂၆၂၄ ဒေါ်လာခန့်သာရှိခဲ့ရာမှ သမိုင်းဝင်မြင့်တက်လာခဲ့ပြီး ဇန်နဝါရီလတွင် အမြင့်ဆုံးစံချိန်တင်ဈေးနှုန်းဖြစ်သော ၅၅၈၉ ဒေါ်လာအထိ ရောက်ရှိခဲ့သည်ဟု စီဘီအက်စ် သတင်းတွင်လည်း ဖော်ပြထားသည်။

ထို့နောက် မတ်လအစောပိုင်းတွင် ရွှေဈေးနှုန်းမှာ သိသိသာသာ ပြန်လည်ကျဆင်းခဲ့ပြီး လက်ရှိတွင် ဒေါ်လာ ၅၃၅၀ ဝန်းကျင်၌ အရောင်းအဝယ်ဖြစ်နေသည်။

ရွှေဈေးနှုန်း အလွန်အမင်း တက်နေချိန်တွင် ဝယ်ယူထားသူများအတွက် နစ်နာမှုရှိနိုင်သော်လည်း ရွှေဈေးကွက်၏ သံသရာအပြောင်းအလဲများကို လေ့လာစောင့်ကြည့်နေသည့် ကျွမ်းကျင်သူများကမူ ယခုအခြေအနေမှာ ရွှေဈေးကွက် ကောင်းမွန်နေဆဲကာလအတွင်း ဖြစ်ပေါ်တတ်သည့် ပုံမှန်ဈေးနှုန်းပြန်လည်ပြုပြင်မှုတစ်ခုသာဖြစ်သည်ဟု သုံးသပ်ထားကြောင်း သိရသည်။ **Mon**

## အလီဗ်ခါမေနီ၏ သားဖြစ်သူ မိုဂျတာဘာခါမေနီကို အီရန်ခေါင်းဆောင်သစ်အဖြစ် ရွေးချယ်လိုက်ပြီ

**တီဟီရန် မတ် ၉**

အီရန်နိုင်ငံ၏ အဓိပတိ အလီခါမေနီ၏ သားဖြစ်သူ မိုဂျတာဘာခါမေနီကို နိုင်ငံ၏ ခေါင်းဆောင်သစ်အဖြစ် ရွေးချယ်လိုက်ပြီဟု အီရန်ကျွမ်းကျင်သူများ ကောင်စီက မတ် ၈ ရက်တွင် အတည်ပြုကြေညာလိုက်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အဆိုပါကောင်စီ၏ ထုတ်ပြန်ချက်တွင် မိုဂျတာဘာခါမေနီကို နိုင်ငံ၏ တတိယမြောက် အဓိပတိအဖြစ် အတည်ပြုခန့်အပ်ခဲ့ပြီး ယင်းသို့ရွေးချယ်ခြင်းမှာ ကောင်စီကိုယ်စားလှယ်များ၏ ပြတ်သားသော ဆန္ဒမဲများကြောင့် ဖြစ်သည်ဟု ဖော်ပြထားသည်။

ယနေ့ကျင်းပသည့် အထူးအစည်းအဝေးတွင် အယာတိုလာ ဆယက်ဒ် မိုဂျတာဘာ ဟိုစိန်နီခါမေနီကို အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ၏ တတိယမြောက် ခေါင်းဆောင်အဖြစ် ခန့်အပ်တာဝန်ပေးအပ်လိုက်ခြင်းဖြစ်သည်ဟု ထုတ်ပြန်ချက်တွင် ပါရှိသည်။

ထိုသို့ကြေညာပြီးနောက် အီရန်တော်လှန်ရေးအစောင့်တပ်ဖွဲ့က ခေါင်းဆောင်သစ်ထံ ချက်ချင်းသစ္စာခံခဲ့ကြပြီး ၎င်း၏ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရန် အသင့်ရှိသည်ဟု ပြောကြားကြောင်း သိရသည်။ **Mon**

## အင်ဒိုနီးရှားနိုင်ငံ၏ အကြီးဆုံး အမှိုက်စွန့်ပစ်ရာနေရာ၌ မြေပြိုမှုဖြစ်ပွား၊ ကားများနှင့် ဆိုင်တန်းများ မြေပိခဲ့

**ဂျကာတာ မတ် ၉**

အင်ဒိုနီးရှားနိုင်ငံ၏ အကြီးဆုံး အမှိုက်စွန့်ပစ်ရာနေရာ၌ ယမန်နေ့က မြေပြိုမှုဖြစ်ပွားပြီး ကုန်တင်ကားများနှင့် စားသောက်ဆိုင်တန်းများ မြေပိခဲ့ရာ လူလေးဦးသေဆုံးခဲ့ကြောင်းနှင့် ပျောက်ဆုံးနေသူ အနည်းဆုံး ငါးဦးကို ရှာဖွေလျက်ရှိကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အမျိုးသားရှာဖွေကယ်ဆယ်ရေးအေဂျင်စီ၏ ထုတ်ပြန်ချက်အရ အဆိုပါမြေပြိုမှုသည် ဂျကာတာမြို့တော်ပြင်ပ ၂၅ ကီလိုမီတာအကွာရှိ ဘန်တာဂီဘန်း အမှိုက်စွန့်ပစ်ကွင်း၌ မတ် ၈ ရက် မွန်းလွဲ ၂ နာရီ မိနစ် ၃၀ တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ကယ်ဆယ်ရေးအဖွဲ့များသည် ဘက်ဟိုးကဲ့သို့သော စက်ယန္တရားကြီးများကို အသုံးပြု၍ လမ်းကြောင်းများ ဖွင့်လှစ်နေပြီး ထိခိုက်ဒဏ်ရာရသူများရှိနိုင်သည့် အခြေအနေကို စစ်ဆေးရန်အတွက် ရှာဖွေရေးခွေးများကိုပါ အသုံးပြုလျက်ရှိသည်ဟု ဆိုသည်။

ယင်းဒေသတွင် မိုးသည်းထန်စွာ နာရီပေါင်းများစွာ ရွာသွန်းပြီးနောက် ယခုကဲ့သို့ မြေပြိုမှု ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ဒေသတွင်း သတင်းမီဒီယာများ၏ ဖော်ပြချက်အရ သိရသည်။ **Mon**





## လတ်တလော ကိုကိုးဈေးနှုန်းများ ထိုးဆင်းသွားသော်လည်း ကုန်သည်များ ပေးလိုသည့်ဈေးထက် ၄၀ ရာနှုန်းခန့် များနေ

**အက်ကရာ မတ် ၉**

လတ်တလော ကိုကိုးဈေးနှုန်းများ ထိုးဆင်းသွားသော်လည်း ၎င်းတို့သတ်မှတ်ထားသော ဈေးနှုန်းမှာ နိုင်ငံတကာကုန်သည်များ ပေးချေလိုသည့် ဈေးနှုန်းထက် ၄၀ ရာခိုင်နှုန်းခန့် ပိုမိုမြင့်မားနေကြောင်း သိရသည်။

ကမ္ဘာ့ ကိုကိုးထုတ်လုပ်မှု အများစုကို ဂါနာနိုင်ငံနှင့် အိုင်ဗရီကို့စ်နိုင်ငံတို့တွင် လုပ်ဆောင်နေပြီး အဆိုပါနိုင်ငံများရှိ အစိုးရထိန်းကျောင်းမှုအဖွဲ့အစည်းများက ကိုကိုးဈေးနှုန်းကို တစ်နှစ်ကြိုတင် သတ်မှတ်လေ့ရှိသည်။

ကမ္ဘာတစ်ဝန်းတွင် ကိုကိုးအထွက်နှုန်း ကောင်းမွန်နေချိန်၌ ဝယ်လိုအား ကျဆင်းသွားခြင်း အပါအဝင် အကြောင်းရင်းအမျိုးမျိုးကြောင့် ကိုကိုးဈေးနှုန်းများ ကျဆင်းလာခြင်းဖြစ်သည်။ ယခင်က ကိုကိုးဈေးနှုန်း မြင့်မားခဲ့ခြင်းကြောင့် ချောကလက်ဘားများ၏ အရွယ်အစားမှာ သေးငယ်သွားခဲ့ပြီး ချောကလက်ထုတ်လုပ်သူများမှာလည်း ကိုကိုးအသုံးပြုမှုကို လျှော့ချခဲ့ကြသည်။

အကျိုးဆက်အားဖြင့် နောက်ပိုင်းတွင် ချောကလက်ဘားများ၏ ဈေးနှုန်း ပြန်လည်သက်သာလာနိုင်သော်လည်း လက်ရှိအခြေအနေအရမူ ဂါနာနှင့် အိုင်ဗရီကို့စ်နိုင်ငံတို့၏ ကိုကိုးစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍကို အခက်အခဲများစွာ ဖြစ်ပေါ်စေခဲ့ကြောင်း သိရသည်။ **Mon**

## INTERNATIONAL NEWS
## နိုင်ငံတကာသတင်းများ

## ယခုအခါ မတ်လအတွင်းသို့ ရောက်ရှိနေပြီဖြစ်သော်လည်း အမေရိကန်ရှိ အချို့ဒေသများတွင် အအေးဒဏ်ခံနေရဆဲဖြစ်

**ဝါရှင်တန် မတ် ၉**

ယခုအခါ မတ်လအတွင်းသို့ ရောက်ရှိနေပြီဖြစ်သော်လည်း အမေရိကန်ပြည်ထောင်စု၏ အချို့သောဒေသများတွင် ပြင်းထန်သော ဆောင်းရာသီမိုးလေဝသဒဏ်ကို ဆက်လက်ခံစားနေရဆဲဖြစ်ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

လက်ရှိတွင် ပစိဖိတ်အနောက်မြောက်ပိုင်းဒေသအချို့၌ ဆောင်းရာသီမုန်တိုင်း သတိပေးချက်များနှင့် ဆောင်းရာသီ မိုးလေဝသသတိပေးချက်များကို ထုတ်ပြန်ထားသည်။

အော်ရီဂွန်ပြည်နယ်နှင့် ဝါရှင်တန်ပြည်နယ်တို့တွင် လာမည့် အင်္ဂါနေ့အထိ ဆီးနှင်းများ နှစ်ပေခန့်အထိ ကျဆင်းနိုင်သည်ဟု ခန့်မှန်းရပြီး တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်မည့် လေပြင်းများနှင့်အတူ ခရီးသွားလာမှုများအတွက် ပိုမိုအန္တရာယ်ရှိလာနိုင်မည် ဖြစ်သည်။

ဝက်ကမ်နှင့် စကာဂျစ်ကောင်တီရှိ ကက်စကိတ်တောင်တန်းဒေသများ၊ စနိုဟိုမစ်ရှ်နှင့် ကင်းကောင်တီမြောက်ပိုင်းရှိ ကက်စကိတ်တောင်တန်းဒေသများ၊ ချီလန်ကောင်တီအနောက်ပိုင်းရှိ စတီဟီကင်မြို့၊ ဟိုးလ်ဒင်းဗေးလစ်မြို့နှင့် စတီဗင်ပတ်စ်မြို့များမှာ မုန်တိုင်းဒဏ်သင့်နိုင်သည့် ဧရိယာများတွင် ပါဝင်သည်။

ဆောင်းရာသီမုန်တိုင်း သတိပေးချက်ထုတ်ပြန်ထားသည့် ဒေသများတွင် ဆီးနှင်းများအလွန်အမင်းကျဆင်းနိုင်ပြီး အချို့နေရာများတွင် ၁၈ လက်မမှ ၂၄ လက်မအထိ ဆီးနှင်းများ ဖုံးလွှမ်းနိုင်ကြောင်း သိရသည်။

**Mon**



STOP AIDS

## တရုတ်နိုင်ငံမြောက်ပိုင်း တိုက်ဟန်တောင်တန်းဒေသတွင် ပျော့ရှင်ခြင်းရထားကို ဒေသခံများ ရွေးချယ်အသုံးပြုနေ

**ပေကျင်း မတ် ၉**

တရုတ်နိုင်ငံ မြောက်ပိုင်း တိုက်ဟန်တောင်တန်းဒေသတွင် ကြမ်းတမ်းသော မြေမျက်နှာသွင်ပြင်ကို ဖြတ်သန်းမောင်းနှင်နေသည့် ပျော့ရှင်ခြင်းရထားဟု လူသိများသော ထူးခြားသည့် သယ်ယူပို့ဆောင်ရေးယာဉ်တစ်စင်းရှိကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အမှတ် (၈၁၁၈/၈၁၁၇) ရထားကို တရုတ်ရထားပို့ဆောင်ရေး တိုက်ယွမ်အုပ်စုက အများပြည်သူအကျိုးပြု အနေးရထားအဖြစ် တရားဝင်သတ်မှတ်ပြေးဆွဲပေးနေခြင်းဖြစ်ပြီး သက်သာသော နှုန်းထားနှင့် အဆင်ပြေသည့် ဝန်ဆောင်မှုများကြောင့် ဒေသခံများ အများဆုံးရွေးချယ်အသုံးပြုနေကြသည့် ရထားဖြစ်သည်။

အဆိုပါ ရထားခရီးစဉ်သည် ၃၀၅ ကီလိုမီတာ ရှည်လျားပြီး အနိမ့်ဆုံးလက်မှတ်ခမှာ ၄ ယွမ် (၅၈ ဆင့်) သာရှိကာ အမြင့်ဆုံး ၃၄ ဒသမ ၅ ယွမ်ဖြစ်သည်။ ရထားရပ်နားစခန်း အများစုမှာ ကျေးရွာများ၏ အိမ်ရှေ့တံခါးဝတွင် တည်ရှိသကဲ့သို့ အဆင်ပြေလှသဖြင့် ရှန်းရှီးပြည်နယ်၊ ဒါထုံ စီးတီး၊ လင်ချူးခရိုင်မှ အသက် ၇၁ နှစ်အရွယ်ရှိ လျူရုံဟွာ အပါအဝင် ဒေသခံအများအပြားအတွက် နေ့စဉ်ဘဝ၏ မရှိမဖြစ် အစိတ်အပိုင်းတစ်ခု ဖြစ်လာသည်။

ပြည်နယ်အတွင်း သက်တမ်းအရှည်ဆုံး အများပြည်သူအကျိုးပြုအနေးရထားဖြစ်သည့် ယင်းရထားသည် ပေကျင်း-တိုက်ယွမ် ရထားလမ်းပေါ်တွင် ပြေးဆွဲနေခြင်းဖြစ်ပြီး တိုက်ယွမ်ဘူတာမှ လင်ချူးဘူတာအထိ ၇ နာရီ မိနစ် ၃၀ ကြာ မောင်းနှင်ရသည်။ ပျမ်းမျှ တစ်နာရီလျှင် ၄၅ ကီလိုမီတာအောက်သာရှိသော အရှိန်ဖြင့် မောင်းနှင်သည့် အဆိုပါရထား ခရီးစဉ်တွင် ရပ်နားစခန်းပေါင်း ၃၄ ခုရှိကြောင်း သိရသည်။ **Mon**



## တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် စာစစ်ဌာနကျောင်းအား မီးဘေးလုံခြုံရေးစစ်ဆေး

**ဆင်ပေါင်ဝဲ မတ် ၉**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ်တွင် ၂၀၂၆ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကျင်းပမည့် အခြေခံပညာအထက်တန်းကျောင်း(လက်ပန်)ကျောင်း စာစစ်ဌာနအား မီးဘေးလုံခြုံရေး စစ်ဆေးခြင်းကို ယမန်နေ့ မွန်းလွဲ ၂ နာရီက ဆောင်ရွက်ခဲ့သည်။



ထိုသို့စစ်ဆေးရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ငြိမ်းထွန်းနှင့် အဖွဲ့ဝင်များ ဌာနဆိုင်ရာ တာဝန်ရှိသူများပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် အခြေခံပညာအထက်တန်းကျောင်း(လက်ပန်)ကျောင်းသို့ သွားရောက်၍ မီးဘေးလုံခြုံရေးအတွက် မီးသတ်ဆေးဘူးများနှင့် မီးချိတ်၊ မီးကပ်၊ သဲပုံး၊ ရေပုံးများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေနှင့် စာဖြေခန်းများ ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ လျှပ်စစ်မီးသွယ်တန်းသုံးစွဲမှု အခြေအနေများ၊ ကျောင်းရေကန်များ ရေဖြည့်တင်းထားရှိမှုနှင့် ကျောင်းပတ်ဝန်းကျင်တွင် မီးဘေးစိုးရိမ်ရခြင်း ရှိ၊ မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ မီးဘေးလုံခြုံရေးအတွက် လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**

၀-၀-၀-၀-၀



## နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့အသိပညာပေး

**မိုင်းယောင်း မတ် ၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယောင်းမြို့နယ်၌ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့အသိပညာပေးခြင်းကို ယမန်နေ့တွင် မြို့နယ်ကွင်းဆင်းစိစစ်ရေးအဖွဲ့များက အသီးသီး ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထို့သို့ ကွင်းဆင်းဆောင်ရွက်ရာတွင် အဖွဲ့(၂)က ဝမ်တပ်အုပ်စု၊ ဟွေထမ်ကျေးရွာနှင့် ဟွေဖအုပ်စု၊ နမ့်နော်(အပေါ်)ကျေးရွာတို့၌လည်းကောင်း၊ အဖွဲ့(၃)က ဝမ်ဘိုးအုပ်စု၊ ဖကျောက်ကျေးရွာ၌လည်းကောင်း၊ အဖွဲ့(၄)က ဝမ်မန်းအုပ်စု၊ ဝမ်ဒန်ကျေးရွာ၌လည်းကောင်း၊ အဖွဲ့(၆)က ဟောင်ကြန့်အုပ်စု၊ ဟောင်ကြန့်ကျေးရွာ၌လည်းကောင်း လေထုညစ်ညမ်းမှု မဖြစ်ပေါ်စေရေးအတွက် တားဆီးပညာပေးရေးအကြောင်းကို အသိပညာပေး ဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**ထွန်းမြင့်လှိုင်(ပြန်/ဆက်)**

## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ အသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေ

**မန္တလေး မတ် ၉**

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ အမှတ်(၁၀၆)ယာဉ်ထိန်းရဲတပ်ဖွဲ့စု(စစ်ကိုင်း)မှ မတ် ၈ ရက် နံနက် ၈ နာရီမှ ၁၀ နာရီအထိ စစ်ကိုင်း-မန္တလေးလမ်း၊ စစ်ကိုင်းမြို့ ကျော်ထက်မီးပွိုင့်တွင်ဆိုင်ကယ်များ၊ သုံးဘီးဆိုင်ကယ်များ၊ ထော်လာဂျီများ၊ အိုးဝေများအား လမ်းညာဘက်ကပ်မောင်းရန်၊ အချက်ပြမီးများ တိကျစွာ အသုံးပြုရန်၊ အရက်သေစာ သောက်စား၍ မောင်းနှင်ခြင်းမပြုရန်၊ ဆိုင်ကယ်ဦးထုပ်အား မေးသိုင်းကြိုး သေချာစွာတပ်ဆင်၍ ဆောင်းရန်၊ ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းများကို အသိပညာပေးပြောကြားပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့သည်။



အမှတ်(၁၀၆)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ ဦးဆောင်၍ စစ်ကိုင်းမြို့ မြို့မမီးပွိုင့်၌ မတ်လဆန်းတွင် ယာဉ်မတော်တဆမှုကြောင့် ထိခိုက်သေဆုံးမှုလျော့နည်းစေရေးအတွက် ဆိုင်ကယ်စီးနင်းသောပြည်သူများအား ဆိုင်ကယ်စီးဦးထုပ်(၁၀၀၀)ကို အခမဲ့ပေးဝေခဲ့ပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး Campaign ပြုလုပ်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ) (ဝ၄၅)



## နေအိမ်မီးလောင်မှုဖြစ်ပွား

**ဇီးကုန်း မတ် ၉**

ပဲခူးတိုင်းဒေသကြီး၊ ဇီးကုန်းမြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ အေးမြသာယာမြို့သစ်(၉)လမ်း၌ မတ် ၆ ရက် နံနက် ၆ နာရီ ၄၅ မိနစ်ခန့်က ပိုင်ရှင် ဒေါ်အိမ့်သန္တာ(၂၅)နှစ်ဆိုသူ၏ (၁၂ပေ×၁၂ပေ)၊ သွပ်မိုး၊ကျောက်ပြားကာ၊ပျဉ်ခင်းနှစ်ထပ်နေအိမ်ရှိ မီးဖိုမီးကြွင်း မီးကျန်မှုတစ်ဆင့် မီးလောင်မှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် ဇီးကုန်းမြို့နယ် မီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များသည် မီးသတ်ယာဉ်သုံးစီးဖြင့် မီးငြိမ်းသတ်ခဲ့ရာ နံနက် ၆ နာရီ ၅၅ မိနစ်တွင် မီးငြိမ်းခဲ့သည်။

အဆိုပါ မီးလောင်မှုကြောင့် (၁၂ပေ×၁၂ပေ)၊ သွပ်မိုး၊ ကျောက်ပြားကာ၊ ပျဉ်ခင်းနှစ်ထပ်နေအိမ်တစ်လုံး၊ (၁၂ပေ×၁၂ပေ)၊ သွပ်မိုး၊ ထရံကာတစ်ထပ်နေအိမ်သုံးလုံး၊ စုစုပေါင်း နေအိမ်လေးလုံးမီးလောင်ဆုံးရှုံးခဲ့ကြောင်းနှင့် ဒေါ်အိမ့်သန္တာဆိုသူအား ဇီးကုန်းမြို့မရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(အပေါ်ပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## ဘိန်းစိုက်ခင်းများ ဖျက်ဆီး

**ဟိုပုံး မတ် ၉**

ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အချို့၌ စုစုပေါင်းဘိန်းစိုက်ခင်း ၂၃ ဧကခန့်ကို ဖျက်ဆီးခဲ့သည်။

ဖြစ်စဉ်မှာ မတ် ၆ ရက် နံနက် ၈ နာရီ ၁၀ မိနစ်မှ ၁၁ နာရီခွဲအထိ ရှမ်းပြည်နယ်၊ ဟိုပုံးမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့က ဟိုပုံးမြို့နယ်၊ လိုက်ကတူးကျေးရွာအနီးတစ်ဝိုက်ရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ၆ ဧကခန့်အားလည်းကောင်း၊ အလားတူ နံနက် ၉ နာရီမှ ၁၁ နာရီခွဲအထိ ပင်လောင်းမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့က ပင်လောင်းမြို့နယ်၊ဒင်တီးကျေးရွာအနီးတစ်ဝိုက်ရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ငါးဧကခန့်အားလည်းကောင်း၊ ထို့အတူ နံနက် ၉ နာရီမှ ညနေ ၄ နာရီ ၃၅ မိနစ်အထိ ဆီဆိုင်မြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့က ဆီဆိုင်မြို့နယ်၊ ဘန်းစောက်ကျေးရွာအနီးတစ်ဝိုက်ရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ၁၂ ဧကခန့်အားလည်းကောင်း အသီးသီးဖျက်ဆီးခဲ့ကြောင်း သိရသည်။

(ယာပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



## ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသားတစ်ဦး သေဆုံး၍ အမျိုးသမီးတစ်ဦး ထိခိုက်ဒဏ်ရာရရှိ

**တောင်ငူ မတ် ၉**

ပဲခူးတိုင်းဒေသကြီး၊တောင်ငူမြို့နယ်၌ ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသားတစ်ဦး သေဆုံး၍ အမျိုးသမီးတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၆ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း မိုင်တိုင်အမှတ် ၁၇၇ မိုင် ၅ ဖာလုံနှင့် ၆ ဖာလုံကြား၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ တောင်ငူမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး၊သာကေတမြို့နယ်၊ အမှတ်(၁၀)ရပ်ကွက်နေ ထွန်းထွန်းနိုင်(၂၁)နှစ်ဆိုသူ မောင်းနှင်ပြီး တစ်ရပ်ကွက်တည်းနေ မသဇင်ဦး(၂၇)နှစ်နှင့် မင်းလာဒုံမြို့နယ်နေ မနန်းအိမွန်(၂၉)နှစ်ဆိုသူတို့ လိုက်ပါလာသော NISSAN ADVAN မော်တော်ယာဉ်သည် မန္တလေးမြို့မှ ရန်ကုန်မြို့ဘက်သို့ မောင်းနှင်လာစဉ် အခင်းဖြစ်နေရာ အရှေ့မှ မော်တော်ယာဉ်ကို ကျော်တက်စဉ် အရှိန်မထိန်းနိုင်ဘဲ တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိကာ ၎င်းယာဉ်ကြောအတိုင်း တောင်ငူမြို့နယ်၊ ကြာအင်းကျေးရွာနေ ဦးခင်မောင်ငြိမ်း(၇၂)နှစ်ဆိုသူ မောင်းနှင်လာသည့် DAYANG ဆိုင်ကယ်အား ဝင်ရောက်တိုက်မိသဖြင့် ဦးခင်မောင်ငြိမ်း ဆိုသူတွင် ထိခိုက်ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့ပြီး မသဇင်ဦးဆိုသူတွင် ထိခိုက်ဒဏ်ရာများ ရရှိခဲ့သောကြောင့် ထွန်းထွန်းနိုင်ဆိုသူအား တောင်ငူမြို့မရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။



(ဝဲပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

# ဘုရားအဆူဆူတို့၏ ဩဝါဒပါတိမောက်

ထိန်းသိမ်းစောင့်ရှောက်လိုက်နာသူကို အပါယ်ဒုက္ခဘေးစသည့်တို့မှ လွတ်မြောက်စေတတ်သောကြောင့် မြတ်စွာဘုရားရှင်တို့၏ အကျဉ်းချုပ်အဆုံးအမဩဝါဒနှင့် ပညတ်တော်မူအပ်သော သိက္ခာပုဒ်များကို 'ပါတိမောက်'ဟု ခေါ်သည်။ ထိုပါတိမောက်သည် (၁)ဩဝါဒပါတိမောက်၊ (၂)အာဏာပါတိမောက် ဟူ၍ နှစ်ပါးရှိပြီး ဩဝါဒပါတိမောက်ကို မြတ်စွာဘုရားရှင်တို့ သာလျှင် ပြတော်မူ ဟောတော်မူကြရသည်။ ဘုရားတိုင်း၊ ဘုရား တိုင်း ဩဝါဒပါတိမောက်ကို ဟောကြားပြသတော်မူလေ့ရှိသည်။ ဝိပဿီမြတ်စွာဘုရားသည် ခုနစ်နှစ်တစ်ကြိမ်၊ သိခီမြတ်စွာဘုရားနှင့် ဝေဿဘူမြတ်စွာဘုရားတို့သည် ခြောက်နှစ်တစ်ကြိမ်၊ ကကုသန်မြတ်စွာဘုရားနှင့် ကောဏဂုံမြတ်စွာဘုရားသည် တစ်နှစ် တစ်ကြိမ်၊ ကဿပမြတ်စွာဘုရားသည် ခြောက်လတစ်ကြိမ် … ဩဝါဒပါတိမောက် ပြသတော်မူခဲ့သည်သာ ဖြစ်သည်။

ကျွန်ုပ်တို့၏ ဂေါတမမြတ်စွာဘုရားအား ရာဇဂြိုဟ်ပြည့်ရှင်ဘုရင် ဗိမ္ဗိသာရက ဇမ္ဗူဒိပ်ကျွန်းတွင် ရှေးဦးသော ကျောင်းကို ဆောက်လုပ်လှူဒါန်းခဲ့သည်။ ဝါးပင်များဖြင့် ပြည့်နှက်နေသော မြေကွက်ထဲတွင် ဆောက်လုပ်လှူဒါန်းသောကြောင့် ဝေဠုဝန်စံကျောင်းဟု အမည်တွင် ထင်ရှားခဲ့သည်။ ထိုရာဇဂြိုဟ်ပြည်မွန် ဝေဠုဝန်စံကျောင်းတော်တွင် မြတ်စွာဘုရား သီတင်းသုံးတော်မူစဉ် တပို့တွဲလပြည့်နေ့၌ မပင့်ဖိတ်ရဘဲ ရောက်ရှိလာသော ရဟန်းလောင်းပေါင်း ၁၂၅၀ တို့ စည်းဝေးမိသည်နှင့် ဘုရားရှင်က ဧဟိဘိက္ခုဟု ခေါ်တော်မူပြီး အားလုံးရဟန်းချည်းဖြစ်ပြီးနောက် 'ဩဝါဒပါတိမောက်' ဟောကြားတော်မူရာ အားလုံး'အဘိညာဏ်ခြောက်ပါး' ရရှိတော်မူကြ၍ ရဟန္တာများ ဖြစ်တော်မူသည်။

မြတ်စွာဘုရား၏ သားတော်အစစ်ဟု ဆိုအပ်သော အရိယာသံဃာတော်များ၏ ထိန်းသိမ်းစောင့်ရှောက်ဟောပြောညွှန်ပြမှုကြောင့် နတ်၊ လူ ပရိသတ်အပေါင်းမှာလည်း 'ဩဝါဒပါတိမောက်'ကို ကြားနာကြည်ညိုရပြီး အပါယ်ဒုက္ခဘေး အဖုံဖုံမှ ကင်းလွတ်ရာ နိဗ္ဗာန်ကို ရည်မျှော်တမ်းတနိုင်သော အရိယာသူတော်ကောင်းများအဖြစ်သို့ ပြောင်းလဲနိုင်အောင် ကျင့်ကြံကြိုးကုတ်အားထုတ်စေလိုခြင်း အကျိုးငှာ ဘုရားအဆူဆူ၏ ဩဝါဒပါတိမောက်၏ ဆိုလိုရင်းကို ဖွင့်ဆိုရှင်းပြ ကုသိုလ်ဝေငှရပါသည်။ လောကအကျိုး၊ လောကီအကျိုးကို ဆောင်လိုသူတိုင်း အရိယာဖြစ်လိုသူတိုင်း ဩဝါဒပါတိမောက်ကို ရင်ထဲဝယ် အမြဲကိန်းအောင်း ထားကြစမြဲ ဖြစ်သည်။

ဩဝါဒပါတိမောက် သုံးဂါထာ အကျဉ်းချုပ် …

**(၁) (က) ခန္တီ ပရမံ တပေါ တီ တိက္ခာ ။**

(လွန်စွာချုပ်တည်းမှု ဟူသော သည်းခံခြင်းသည် အလွန်မြတ်သော အကျင့်ပေတည်း။)

အလိုကြီးခြင်း(လောဘ)၊ အမျက်ထွက်ခြင်း(ဒေါသ)၊ တွေဝေခြင်း(မောဟ) … တို့သည် လူတိုင်းတွင် ရှိစမြဲဖြစ်၏။ လောဘ၊ ဒေါသ၊ မောဟ … မဖြစ်စေလင့်ဟု စိတ်ကို ဆုံးမ၍ သည်းခံချုပ်တည်းလျှင် မှန်မြတ်သောအဆင့်သို့ ရောက်ရှိ၏။ ကောင်းသောအကျင့်မြတ်ကို ရရှိခြင်း မည်ပါသည်။

**(ခ) နိဗ္ဗာနံ ပရမံ ဝဒန္တိ ဗုဒ္ဓါ ။**

(နိဗ္ဗာန်တရားကို အမြတ်ဆုံးဟူ၍ ဘုရားရှင်တို့ ဟောတော်မူကုန်၏။)

လောဘ၊ ဒေါသ၊ မောဟတို့၏ အပြစ်ကို သိမြင်သည်နှင့် အလောဘ(အလိုနည်းခြင်း)၊ အဒေါသ(အမျက်မရှိခြင်း)၊ အမောဟ(သတိမြဲခြင်း) … တို့ စိတ်အစဉ်တွင် ဖြစ်ပြီဆိုလျှင် နိဗ္ဗာန်ကို ဆိုက်ရောက်သည် မည်ပါသည်။ ချမ်းသာသုခကို သိမြင်ခံစားရသည်။ အလုံးစုံအေးငြိမ်းမှုအစစ်ကို ရရှိပါတော့သည်။ သည့်ထက်မြတ်သာအရာ ရှိနိုင်ပါတော့အံ့နည်း။

**(ဂ) နဟိ ပဗ္ဗဇိတော ပရူပဃာတီ ။**

(သူတစ်ပါးကို သတ်သောသူသည် စိတ်အညစ်အကြေးကို နှင်ထုတ်သူ မဟုတ်။)

စိတ်ဆိုး၊ စိတ်မိုက်ဝင်၍ စိတ်၏ ထွက်ပေါက်အဖြစ် သတ္တဝါ





တို့ကို သေစေရန် သတ်လိုက်ခြင်းသည် အကုသိုလ်အကျိုးဆက်ကို ပိုမိုရှည်လျားစေပါသည်။ ပို၍ ပို၍ စိတ်ဆင်းရဲမှုကို ဖြစ်စေသည်။ ပြုသူအသစ် ဖြစ်သူအဟောင်းဟု ဆိုရိုးရှိခဲ့သည် မဟုတ်ပါလော။

**(ဃ) န သမဏော ဟောတိ ပရံ ဝိဟေဌ ယန္တော ။**

(သူတစ်ပါးကို ညှဉ်းဆဲသောသူသည် မကောင်းမှုတို့ကို ငြိမ်းစေသူ မဟုတ်။)

မိမိ၏ စိတ်ဆန္ဒပြေပျောက်စေခြင်းငှာ သူတစ်ပါးကို စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်အောင် ပြုမူခြင်းသည် နည်းလမ်းမမှန်ပေ။ မိမိ၏ မကောင်းမှု(အကုသိုလ်)ကို ပိုမိုပွားများစေအောင် လုပ်ဆောင်သည်နှင့် တူပါတော့သည်။ ရှည်လျားလှသော သံသရာကို ဖြတ်တတ်မှ ပြတ်ပါသည်။

**(၂) (က) သဗ္ဗ ပါပဿ အကရဏံ ။**

(မကောင်းမှုဟူသမျှတို့ကို မပြုလုပ်ရာ‥)

လူတိုင်း လူတိုင်းမကောင်းမှုနှင့် ကောင်းမှုကို ခွဲခြားသိတတ်ဖို့လိုသည်။ သတိတရားအမြဲရှိရန်ဖြစ်သည်။ ထိုသို့ သိသည်နှင့် မကောင်းမှုဟူသမျှကို အခွင့်အခါကြုံတိုင်း မလုပ်ဖြစ်အောင် ရှောင်ကြဉ်ရသည်။ ဤတွင်စိတ်၏ ချမ်းသာမှုကိုယ်၏ ပေါ့ပါးသွက်လက်မှုတို့ကို ရရှိအပ်တော့သည်။

**(ခ) ကုသလဿ ဥပသမ္ပဒါ ။**

(ကောင်းမှုဟူသမျှတို့ကို ပြည့်စုံစေရာ၏။)

အပြစ်ကင်းစင်၍ အကျိုးရှိသော ပြုလုပ်၊ ပြောဆိုမှုမှန်သမျှသည် မိမိအတွက် ကုသိုလ်ကောင်းမှုဖြစ်သည်သာ။ ဘုရားရှင်တို့ ချီးမွမ်းအပ်သော လောကီအလုပ်၊ လောကုတ္တရာအလုပ်တို့ကို အစဉ်သဖြင့် လုပ်ကိုင်နေခြင်းဖြင့် ကောင်းကျိုးပြည့်စုံစေသည်သာမက နောင်သံသရာအတွက် ကောင်းမွန်အောင်ပြင်ဆင်ရာ ရောက်ပါသည်။

**(ဂ) သစိတ္တ ပရိယောဒ ပနံ ။**

(မိမိစိတ်ကို သန့်ရှင်းဖြူစင်စေရာ၏။)

ကောင်းမှု၊ မကောင်းမှုကို ခွဲခြားသိမြင်ခြင်းဖြင့် စိတ်၏ သန့်ရှင်းစင်ကြယ်မှုကို အကဲဖြတ်နိုင်သည်။ မေတ္တာတရားတို့ဖြင့် ထုံဖွဲ့နေပါလျှင် စိတ်သည်ဖြူစင်နေသည်၊ ကုသိုလ်တရားများ ကိန်းဝပ်နေပါလျှင် စိတ်သည် သန့်ရှင်းနေသည်။ ဤသို့ဖြင့် စိတ်သန့်ရှင်းဖြူစင်မှုတို့ မိမိသန္တာန်တွင် အမြဲရှိနေအောင် ကြိုးစားအားထုတ်ရာသည်။

**(ဃ) အနုပပါဒေါ အနုပဃာတော ။**

(သူတစ်ပါးကို မစွပ်စွဲရာ၊ မပြစ်မှားရာ၊ မညှဉ်းဆဲ၊ မနှိပ်စက်ရာ။)

ကိုယ်ချင်းစာတရားရှိအောင်ပြုစု၊ ပျိုးထောင်၊ ကျင့်ဆောင်ခြင်းဖြင့် သူတစ်ပါးကို စွပ်စွဲပြစ်တင်ခြင်း၊ ပြစ်မှားစော်ကားခြင်း၊ ညှဉ်းဆဲနှိပ်စက်ခြင်းတို့မှ ကင်းဝေးစေပါသည်။ ဤသို့အစဉ် ကိုယ်ချင်းစာစိတ်ရှိနေခြင်းဖြင့် လောကီချမ်းသာကို ရရှိပါသည်။ အဆင့်ဆင့် ကြိုးစားအားထုတ်နေခြင်းဖြင့် ကိုယ်၏ အပြစ်ကိုသာမြင်အောင် ကြည့်ရှုဆင်ခြင်မှု ရှိခြင်းသည်သာ လောကုတ္တရာ ချမ်းသာကိုပါ ပိုင်ဆိုင်နိုင်တော့သည်။

**(င) ပါတိမောက္ခေ စ သံဝရော ။**

(မြတ်သော သီလ၌ စောင့်စည်းလုံခြုံရာ၏။)

ငါးပါး၊ ရှစ်ပါး၊ ကိုးပါး၊ ဆယ်ပါး…ဟု ဆိုအပ်သော သီလတော်မြတ်တို့တွင် မိမိထိန်းသိမ်းနိုင်သော သီလ။ ဥပမာ- ငါးပါးသီလကိုပဲ မပျက်၊ မပေါက်၊ မကျိုးအောင် စောင့်ထိန်းနိုင်ပါလျှင် အထူးကောင်းမွန်ပါသည်။ သီလနှင့် ပြည့်စုံလျှင် မကောင်းမှုမှန်သမျှ မတွေး၊ မကြံ၊ မပြုလုပ်တော့ဘဲ အပါယ်ဒုက္ခမှ ငြိမ်းအေးပါတော့သည်။

**(၃) (က) မတ္တညုတာစ ဘတ္တသ္မိံ ။**

(စားသုံးဖွယ်ရာ၌ ပမာဏကို သိရာ၏)

ယေဘုယျအားဖြင့် အဓိကစားသောက်ချိန် သုံးချိန်ရှိရာ နံနက်စာ၊ နေ့လယ်စာ၊ ညနေစာ စသည့် အစာအာဟာရမှီဝဲချိန်တွင် အချိန်အခါအလိုက် အစားအစာပမာဏကို ချင့်ချိန်တတ်ဖို့ လိုပါသည်။ မိမိဝမ်းနှင့် သမညီမျှသော အတိုင်းအတာကို ဆုံးဖြတ်ထားရန်ဖြစ်သည်။ အချိန်တိုင်းတွင် မိမိဝမ်း၏ ၈၅ ရာခိုင်နှုန်းကိုသာ စားသုံးသင့်သည်။ ကျန်းမာပေါ့ပါး၍ အသက်ရှည်ကြာ အနာမဲ့စေပါသည်။

**(ခ) ပန္တဉ္စ သယ နာသနံ ။**

(အစွန်အဖျား ကျောင်းအိပ်ရာ၌ နေရာ၏)

ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးကို ဦးထိပ်ထား၍ မြင့်သောနေရာ၊ မြတ်သောနေရာတို့ကို ရှောင်ရှားပြီး မိမိနှင့် လျောက်ပတ်သော နေရာကို ရွေးချယ်၍ စိတ်ကို နှိမ့်ချသဖြင့် အိပ်ခြင်း၊ နေထိုင်ခြင်းကို ပြုမူလျှင် ကုသိုလ်စိတ်များ ပွားများနေပြီး ပေါ့ပါးလွတ်လပ်ခြင်းကို ခံစားရသည်။ အစဉ်အမြဲလည်း နေထိုင်ရာ ရှိနေပါသည်။

**(ဂ) အဓိစိတ္တေန စ အာယောဂေါ ။**

(ထူးခြားသော စိတ်၌ လွန်စွာ အားထုတ်ရာ၏။)

ထူးထူးထွေထွေလုပ်မှ သာမန်လူတွေနှင့် ကွဲပြားခြားနားမည်ဖြစ်သည်။ ပညာရှိ စကားရှိသည်။ 'ရူးမှ ထူးတာ၊ မူးမှ ရူးတာ'ဟူ၍ ဖြစ်သည်။ အများမလုပ်နိုင်သည်ကို လုပ်မှ၊ စွန့်စားမှ အကျိုးထူးရနိုင်သည်။ နေ့မအား ညမနား အလုပ်မြဲမှ ကြီးပွားတိုးတက်သလို နေရာမရွေး၊ အချိန်မရွေး၊ အရွယ်မရွေး၊ ဣရိယာပုတ်မရွေး ကျင့်ကြံအားထုတ်နိုင်မှ တရားထူးတရားမြတ်ကို ရရှိနိုင်သည်။ တစ်မူထူးခြားသော စိတ်ဓာတ်ဖြင့် လွန်စွာအားထုတ်ပါလျှင် နိဗ္ဗာန်သောင်ကမ်းသို့ အရောက်လှမ်းနိုင်ပါတော့သည်။

**ဧတံ ဗုဒ္ဓါန သာသနံ ။**

(ဤသည်တို့ကား မြတ်စွာဘုရားရှင်၏ အဆုံးအမပေတည်း။)

အထက်ဖော်ပြပါ ဩဝါဒပါတိမောက်သုံးဂါထာတို့သည်ကား သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရားအဆူဆူတို့၏ အဆုံးအမဩဝါဒတို့ပင် ဖြစ်ပါသည်။ ထေရဝါဒဗုဒ္ဓဘာသာဝင်တို့၏ အထွတ်အမြတ်ထားရာ ဗုဒ္ဓ၏စကားတော်ပင်ဖြစ်သည်။ ဗုဒ္ဓကို ကြည်ညိုလေးစားဆုံးမစကားများကို လိုက်နာကျင့်သုံးလျက် လူ့ဘဝတွင် နေထိုင်သွားပါလျှင် ဘေးဥပဒ် အန္တရာယ်ကင်းရှင်းပြီး စိတ္တ၊ကာယနှစ်ဖြာသုခနှင့် ပြည့်စုံ၍ နိဗ္ဗာန်သို့ မျက်မှောက်ပြုနိုင်မည်ဖြစ်ပါကြောင်း ထပ်လောင်းအသိပေး ကုသိုလ်မျှဝေယူလိုက်ရပါသည်။

သောင်းမြင့်ဇော်
သုံးဆယ်မြေ(မန္တလေး)




# AFC WOMEN'S FOOTBALL DAY 2026
# ဘောလုံးအားကစားပွဲတော် ကျင်းပ

**တောင်ကြီး မတ် ၉**

၂၀၂၆ ခုနှစ်၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံဘောလုံး အဖွဲ့ချုပ်၊ ရှမ်းပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် ရှမ်းပြည်နယ်ဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အထိမ်းအမှတ် AFC WOMEN'S FOOTBALL DAY 2026 ဘောလုံးအားကစားပွဲတော် အခမ်းအနားကို မတ် ၈ ရက် နံနက် ၉ နာရီခွဲက ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ သစ်တောရပ်ကွက်ရှိ ပြည်နယ်လေ့ကျင့်ရေး အားကစားကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ ရှမ်းပြည်နယ် အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က အဖွင့်အမှာစကားပြောကြားရာတွင် ဘောလုံးအတွက် ဘောလုံးဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံတိုင်းမှာ အခုလိုပွဲတော်တွေနဲ့ လူငယ်ဘောလုံးပြိုင်ပွဲတွေကို စဉ်ဆက်မပြတ် မရှိမဖြစ်လိုအပ်တဲ့ လူငယ်ဘောလုံး ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော်ဆောင်ရွက်နေတာ အားလုံးအသိဖြစ်ပါကြောင်း၊ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အထိမ်းအမှတ်အနေနဲ့ ကျင်းပတဲ့ ဒီပွဲဟာ အလွန်အဓိပ္ပာယ်ရှိပါကြောင်း၊ ဘောလုံးအားကစားဟာ အမျိုးသားတွေအတွက် မဟုတ်ဘဲ အမျိုးသမီးငယ်တွေအတွက်လည်း ကျန်းမာကြံ့ခိုင်စေဖို့အတွက် မိမိကိုယ်ကို ယုံကြည်မှုတိုးတက်စေဖို့၊ စည်းလုံးညီညွတ်မှုရှိစေဖို့ကို အထောက်အကူပြုပါကြောင်း ပြောကြားသည်။

ထို့နောက် အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန် ရွတ်ဆိုကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အားကစားသမားများအား လိုက်လံနှုတ်ဆက်ပြီး အမှတ်တရ စုပေါင်းဓာတ်ပုံ ရိုက်ခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ဘင်ခရာတပ်ဖွဲ့အား ဂုဏ်ပြု ဆုငွေပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နည်းပြများနှင့် ကစားသမားများက မိမိသက်ဆိုင်ရာကွင်းများတွင် နေရာယူပြီး တက်ရောက်လာသော တာဝန်ရှိသူများက ကွင်းအတွင်းသို့ ဘောလုံးကန်သွင်း၍ AFC WOMEN'S FOOTBALL DAY 2026 ဘောလုံးအားကစားပွဲတော်ကို စတင်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၅)

၀-၀-၀-၀-၀-၀-၀

# ဆေးစိမ်ခြင်ထောင်ဖြန့်ဝေခြင်းနှင့် အသက် ငါးနှစ်အောက်ကလေးငယ်များအား ပိုလီယိုကာကွယ်ဆေး တိုက်ကျွေး

**ပျော်ဘွယ် မတ် ၉**

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ပျော်ဘွယ်မြို့နယ်၌ ပြည်သူ့ကျန်းမာရေး ဦးစီးဌာနဝန်ထမ်းများမှ မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ ငှက်ဖျားရောဂါနှင့် ခြင်မှတစ်ဆင့် ကူးစက်တတ်သော ရောဂါများမှ ကာကွယ်နိုင်ရန်အတွက် ဆေးစိမ်ခြင်ထောင်ဖြန့်ဝေခြင်းနှင့် ကလေးငယ်များ အကြောသေရောဂါကင်းဝေးစေရန် ပိုလီယိုကာကွယ်ဆေး (OPV) တိုက်ကျွေးခြင်းကို ယမန်နေ့ မွန်းလွဲ ၃ နာရီက သက်ဆိုင်ရာ ကျေးလက်ကျန်းမာရေးဌာနများတွင် ဆောင်ရွက်ခဲ့သည်။

အဆိုပါ ဆေးစိမ်ခြင်ထောင်ဖြန့်ဝေခြင်းနှင့် ပိုလီယိုကာကွယ်ဆေး(OPV) တိုက်ကျွေးခြင်းလုပ်ငန်းများကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဌာနမှူး ဒေါက်တာလှဲ့လှဲ့အောင်က ကြီးကြပ်၍ မိခင်နှင့်ကလေးကျန်းမာရေးဌာန၊ ကျေးလက်ကျန်းမာရေးဌာန၊ ကျေးလက်ကျန်းမာရေးဌာနခွဲများမှ ကျန်းမာရေးဝန်ထမ်းများက ငှက်ဖျားရောဂါကင်းဝေးစေရန်အတွက် ဒေသခံပြည်သူများထံ လက်ဝယ်အရောက် ဆေးစိမ်ခြင်ထောင် ၃၅၀၀၀ လုံး ဖြန့်ဝေပေးခြင်းနှင့် စနစ်တကျ သုံးစွဲနည်းများပညာပေးခြင်း၊ အသက် ငါးနှစ်အောက် ကလေးငယ်များအားလုံး ပိုလီယိုအကြောသေ ရောဂါမှ ကင်းဝေးစေရန်အတွက် ကာကွယ်ဆေးတိုက်ကျွေးခြင်းကို ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထို့အပြင် ကျန်းမာရေးဝန်ထမ်းများက ကလေးမိခင်များနှင့် ဒေသခံပြည်သူများကို ကာကွယ်ဆေးထိုးနှံခြင်း၊ ကာကွယ်ဆေးတိုက်ကျွေးခြင်း၏ အကျိုးကျေးဇူးများ၊ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးဆိုင်ရာ ကျန်းမာရေးအသိပညာပေး ဟောပြောမှုများကိုပါ တစ်ပါတည်းဆောင်ရွက်ခဲ့ကြောင်းနှင့် ယခုကဲ့သို့ ကာကွယ်ဆေးတိုက်ကျွေးခြင်းနှင့် ဆေးစိမ်ခြင်ထောင်ဖြန့်ဝေခြင်းတို့ကြောင့် မိခင်နှင့်ကလေးငယ်များ အပါအဝင် ဒေသခံပြည်သူများ၏ ကျန်းမာရေးအဆင့်အတန်း ပိုမိုမြင့်မားလာစေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဌာနမှူးထံမှ သိရသည်။

(အောက်ပုံ)

**မင်းမင်းထွေး(ပျော်ဘွယ်)**





# အခြေခံပန်းချီရေးဆွဲနည်း သင်တန်း(အခမဲ့)ဖွင့်လှစ်

**မြင်းခြံ မတ် ၉**

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့၌ ကျောင်းသားလူငယ်များအနေဖြင့် ပန်းချီရေးဆွဲရာတွင် အထောက်အကူပြုစေရန်ရည်ရွယ်၍ အခြေခံပန်းချီရေးဆွဲနည်း သင်တန်း(အခမဲ့)ကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနတွင် ယမန်နေ့ နံနက် ၉ နာရီက စတင်ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ရှေးဦးစွာ မြင်းခြံခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးနွဲ့က "ကျောင်းသားလူငယ်များ မိမိကိုယ်ကို ယုံကြည်မှုရှိစေရန်၊ စိတ်ကူးစိတ်သန်းကောင်းများ ပေါ်ထွက်လာစေရန်၊ ပန်းချီရေးဆွဲခြင်းဖြင့် နှလုံးသားများ နူးညံ့လာစေရန် စတဲ့ ရည်ရွယ်ချက်များနဲ့ ဖွင့်လှစ်ခြင်းဖြစ်ပါတယ်"ဟု ပြောသည်။

သင်တန်းဆရာ ပန်းချီချစ်သော်က ပန်းချီအခြေခံနှင့် လူပုံရေးဆွဲနည်း၊ ရှုခင်းပုံရေးဆွဲနည်း၊ သရုပ်ဖော် ဒီဇိုင်းနှင့် လက်ရေး၊ အခြေခံမျဉ်းရေးဆွဲနည်း စသည့် ပန်းချီပညာရပ်များကို သင်ကြားပို့ချသွားမည်ဖြစ်သည်။ သင်တန်းတွင် အခြေခံပညာကျောင်းများမှ ကျောင်းသားလူငယ် ၂၀ ဦး တက်ရောက်သင်ကြားလျက်ရှိပြီး မတ် ၇ ရက်မှ ၂၂ ရက်အထိ စနေ၊ တနင်္ဂနွေရက်များတွင် သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **(အပေါ်ဝဲပုံ) (၃၆၆)**

# Beauty Inside Aesthetic Clinic
# အလှအပဆိုင်ရာ ဆေးခန်းသစ်ဖွင့်လှစ်

**မန္တလေး မတ် ၉**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ လမ်း၇၀၊ ၁၀၈လမ်းနှင့် ၁၀၉လမ်းကြားတွင် Beauty Inside Aesthetic Clinic အလှအပဆိုင်ရာ ဆေးခန်းသစ်ဖွင့်ပွဲကို မတ် ၇ ရက်တွင် ကျင်းပခဲ့သည်။ **(အောက်ပုံ)**

ဆေးခန်းသစ်ဖွင့်ပွဲအခမ်းအနားသို့ အလှအပဝန်ဆောင်မှု စိတ်ဝင်စားသူများ တက်ရောက်ခဲ့ကြပြီး ဖွင့်ပွဲအထူးအစီအစဉ်အဖြစ် Treatment များကို Up to 70% Discount ဖြင့် ဝန်ဆောင်မှုပေးခဲ့သည်။

ထို့ပြင် စုစုပေါင်း သိန်း ၃၀ တန်ဖိုးရှိ Lucky Draw အစီအစဉ်များကိုလည်း ပြုလုပ်ပေးခဲ့ပြီး ကံစမ်းမဲများမှတစ်ဆင့် အမည်းစက်သက်သာစေသော Treatment၊ Carbon Laser နှင့် Chanel Treatment စသည့် အလှအပဆိုင်ရာ ဝန်ဆောင်မှုများကို ကံထူးရှင်များအား ပေးအပ်ခဲ့သည်။



Beauty Inside Aesthetic Clinic သည် အသားအရေထိန်းသိမ်းရေးနှင့် အလှအပဆိုင်ရာ Treatment များကို ကျွမ်းကျင်ဆရာဝန်များမှ ဝန်ဆောင်မှုပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၈)

၀-၀-၀-၀-၀-၀-၀-၀

သစ်ပင်စိုက်ပါ
တို့ကမ္ဘာ သာယာလှပ
စိမ်းမြမြ ။

# လေထုညစ်ညမ်းမှုလျှော့ချရေး အသိပညာပေး လှည့်လည်နှိုးဆော်

**မြစ်သား မတ် ၉**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် မြစ်သားမြို့နယ် မီးသတ်ဦးစီးဌာနတို့ပူးပေါင်း၍ မြို့နယ်အတွင်းရှိ ပြည်သူများအား လေထုညစ်ညမ်းမှုအန္တရာယ်အကြောင်း ကျယ်ကျယ် ပြန့်ပြန့်သိရှိစေရန်အတွက် မတ် ၈ ရက် မွန်းလွဲ ၁ နာရီက မြစ်သားမြို့ပေါ် ရပ်ကွက်ကြီးများနှင့် ကူမဲမြို့တို့၌ လေထုညစ်ညမ်းမှုလျှော့ချရေး အသိပညာပေး လှည့်လည်နှိုးဆော် ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ကျောက်ဆည်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယဦးစီးမှူးဦးသော်ထူးပိုင်နှင့် ဝန်ထမ်းများ၊ မြစ်သားမြို့နယ် မီးသတ်ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မင်းကျော်နှင့် တပ်ဖွဲ့ဝင်များက ပြည်သူများအနေဖြင့် လေထုညစ်ညမ်းမှုလျှော့ချနိုင်ရေးအတွက် သစ်ရွက်ခြောက်အမှိုက်များနှင့် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများကို စည်းကမ်းမဲ့မီးရှို့ခြင်းများ မပြုလုပ်ကြရန်နှင့် အမှိုက်များအား စနစ်တကျ ခွဲခြားစွန့်ပစ်နိုင်ရေးအတွက် အမှိုက်အမျိုးအစား ခွဲခြားနည်း နည်းလမ်းများအကြောင်းကို အသံချဲ့စက်ဖြင့် လှည့်လည်တိုက်တွန်းနှိုးဆော်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

**သီတာအောင်(မြစ်သား)**



# တစ်နာရီအားသွင်းရုံဖြင့် မိုင် ၉၀ မောင်းနှင်နိုင်သော EV သုံးဘီးကို လုပ်ငန်းသုံးအတွက် လူစိတ်ဝင်စားမှု မြင့်တက်နေ



**မန္တလေး မတ် ၉**

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်ရှိ အားသွင်းစခန်း (Charger Station) များတွင် တစ်နာရီကျော်ကြာ အားသွင်းရုံဖြင့် မိုင်ပေါင်း ၉၀ အထိ မောင်းနှင်နိုင်သည့် BOSN Du Du EV သုံးဘီးယာဉ်များကို စီးပွားရေးလုပ်ငန်းရှင်များနှင့် မြို့တွင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများအတွက် အထူးသင့်လျော်သော ယာဉ်အမျိုးအစားအဖြစ် ဈေးကွက်အတွင်း မိတ်ဆက်ထားကြောင်း သိရသည်။

အဆိုပါ BOSN Du Du EVသုံးဘီးယာဉ်များသည် လောင်စာဆီအသုံးပြုရန် မလိုအပ်သည့်အပြင် လျင်မြန်စွာ အားဖြည့်နိုင်သည့် Fast Charge စနစ်ကို အသုံးပြုထားခြင်းကြောင့် အချိန်တိုအတွင်း အားပြန်သွင်းနိုင်ကာ လုပ်ငန်းခွင်အတွင်း အချိန်ကြန့်ကြာမှုမရှိဘဲ အသုံးပြုနိုင်မည်ဖြစ်သည်။

"အခု BOSN Du Du EV သုံးဘီးက ဆီမလိုတဲ့အပြင် Fast Charge စနစ်ကြောင့် စီးပွားရေးလုပ်ငန်းတွေနဲ့ မြို့တွင်းသယ်ယူပို့ဆောင်ရေးအတွက် တကယ်ကို အဆင်ပြေစေမှာပါ။ Maintenance စရိတ်သက်သာတာရယ်၊ အသံတိတ်မောင်းနှင်နိုင်တာတွေကြောင့် သုံးစွဲသူတွေကြားမှာလည်း စိတ်ဝင်စားမှုတော်တော်လေး မြင့်တက်နေပါတယ်"ဟု The Nue EV Cycle Showroom၏ Digital Market မှ ကိုထွန်းလင်းနိုင်က ပြောသည်။

အဆိုပါ BOSN Du Du EV သုံးဘီးယာဉ်တစ်စီးလျှင် လက်လီဈေးနှုန်းငွေကျပ် ၁၆၈ သိန်းဖြင့် ရောင်းချပေးလျက်ရှိပြီး နည်းပညာမြင့်မားကာ ပြုပြင်ထိန်းသိမ်းမှုစရိတ် သက်သာခြင်းကြောင့် လုပ်ငန်းရှင်များအတွက် အမြတ်တိုးစေမည့် အကောင်းဆုံးရွေးချယ်မှုတစ်ခုဖြစ်လာနိုင်ကြောင်း၊ အပိုပစ္စည်းများကိုလည်း အလွယ်တကူ ဝယ်ယူနိုင်ရန် စီစဉ်ထားပြီး ပြင်ဆင်မှုပိုင်းတွင် ကုမ္ပဏီမှလုပ်ဆောင်နိုင်ရန် စီစဉ်ထားသည်။

၎င်းအပြင် BOSN Du Du EV သုံးဘီးယာဉ်များကို ကိုယ်စားလှယ်ယူကာ လက်ကားပြန်လည်ရောင်းချလိုသူများအနေဖြင့်လည်း The Nue EV Cycle Showroom ၃၈လမ်း၊ ၈၂လမ်းနှင့် ၈၃လမ်းကြားသို့ တိုက်ရိုက်ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်-၈)

၀-၀-၀-၀-၀-၀-၀



# မြန်မာ့သိုင်းပညာစဉ် ပူဇော်ပွဲကျင်းပ မျိုးဆက်သစ်များ သိုင်းသရုပ်ပြ

**မန္တလေး မတ် ၉**

မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်ဝင် ကမ္ဘောဇနန်းတွင်း လိုင်းခူးကာချုန့်သိုင်းပြောင်းပြန်နာယက ဆရာကြီးဦးမောင်လေးကွယ်လွန်ခြင်း နှစ်(၄၀)မြောက် နှစ်ပတ်လည်ပညာစဉ် ပူဇော်ပွဲနှင့် မျိုးဆက်သစ်များ သိုင်းသရုပ်ပြပွဲကိုမတ် ၈ ရက် နံနက် ၈ နာရီမှ ၁၀ နာရီအထိ မန္တလေး၊ ၅၇ လမ်း၊ မြို့ပတ်လမ်း၊ ကုန်းတန်းလေးရှိ အားသစ်ဖူဆယ်အားကစားကွင်းတွင် ကျင်းပသည်။

မြန်မာ့သိုင်းပညာစဉ် ပူဇော်ပွဲနှင့် မျိုးဆက်သစ်များ မြန်မာ့သိုင်းသရုပ်ပြပွဲသို့ မန္တလေးတိုင်းဒေသကြီး မြန်မာ့သိုင်း၊ ဗိုဗီနာမ်၊ ကရာတေး၊ တိုက်ကွမ်ဒိုအားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌ၊အတွင်းရေးမှူးနှင့် ဖိတ်ကြားထားသူများ၊ မန္တလေးမြို့ရှိ မြန်မာ့သိုင်းအဖွဲ့များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မျိုးဆက်သစ် မြန်မာ့သိုင်းကစားသမားများက လက်သိုင်း၊ တုတ်သိုင်း၊ ဓားသိုင်းနှင့် ကိုယ်ခံပညာစွမ်းရည်များကို သရုပ်ပြသခဲ့ကြကြောင်း သိရသည်။ (အပေါ်ပုံ) (၀၄၅)



# မြန်မာအမျိုးသမီးများ စီးပွားရေးစွမ်းဆောင်ရှင်များအသင်း-မန္တလေး၏ Members Day & Zumba Activity ကျင်းပ

**မန္တလေး မတ် ၉**

International Women Dayကို ဂုဏ်ပြုသောအားဖြင့် မြန်မာအမျိုးသမီးများ စီးပွားရေးစွမ်းဆောင်ရှင်များအသင်း မန္တလေး၊(MWEA- MDY)က စီစဉ်ကျင်းပသည့် Members Day & Zumba Activity ကို မတ် ၈ ရက် နံနက် ၆ နာရီက မန္တလေး၊ ချမ်းမြသာစည်မြို့နယ်ရှိ မင်္ဂလာမန္တလေး Promotion Area တွင် ကျင်းပသည်။

ရှေးဦးစွာ မြန်မာအမျိုးသမီးများ စီးပွားရေးစွမ်းဆောင်ရှင်များအသင်း-မန္တလေး၊ (MWEA - MDY) ဥက္ကဋ္ဌဒေါ်ခင်ဝင်းဆွေက အမှာစကားပြောကြားပြီး ပွဲပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကို ပြောကြားသည်။

ထို့နောက် Zumba Instructor အဝင်းနှင့်အတူ အသင်းဝင်အင်အား ၁၅၀ ကျော်တို့ဖြင့် ပျော်ရွှင်စွာ Zumba ကပြဆင်နွှဲကြပြီး အဖွဲ့လိုက်ဂိမ်းများ ကစားခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၆)

၀-၀-၀-၀-၀-၀-၀

# ပီတိပညာရေးပရဟိတမှ အငြိမ်းစားယူထားသည့် ပညာရေး(ငြိမ်း)ဆရာကြီး နှစ်ဦးအား ထောက်ပံ့

**သရက် မတ် ၉**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့တွင် အငြိမ်းစားယူထားသည့် ပညာရေး(ငြိမ်း) ဆရာကြီးနှစ်ဦးအား ငွေကျပ် ၁၅ သိန်းစီ ထောက်ပံ့ငွေပေးအပ်ပွဲကို မတ် ၈ ရက် နံနက် ၉ နာရီက ခရိုင်စာကြည့်တိုက် Community Centre ခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် ပီတိပညာရေး ပရဟိတနာယက ဦးတင်ထွဋ်က အငြိမ်းစားယူထားသော ဆရာကြီး၊ ဆရာမများ လစဉ်အလှူငွေပေးအပ်ရာမှာ စေတနာအလှူငွေ ကောက်ခံသည့်စနစ်ဖြင့် ဆောင်ရွက်၍ ထောက်ပံ့ငွေပေးအပ်ရခြင်းဖြစ်ကြောင်း ပြောကြားခဲ့ပြီး ပီတိပညာရေးပရဟိတအဖွဲ့ဝင်ဦးမြင့်သိန်းက စေတနာအလှူငွေကောက်ခံဆောင်ရွက်ရသည့် အခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။ (ယာပုံ)

ထို့နောက် အငြိမ်းစားပင်စင်ယူထားသည့် ဒေါ်နီနီလွင် မူလတန်းပြ(အမက)တပ်တွင်း ကျောင်းနှင့် ဒေါ်ဌေးဌေးရီ ရုံးအကူ(ထခွဲ) အလက(၃)တို့အား ထောက်ပံ့ငွေကျပ် ၁၅ သိန်းစီကို ပီတိပညာရေး ပရဟိတနာယကနှင့် ဦးအောင်ကျော်စိုးတို့က ပေးအပ်ရာ လက်ခံရယူကြပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြသည်။



ထို့နောက် အငြိမ်းစားသက်ကြီး ဆရာကြီး၊ ဆရာမကြီးများအား ကျန်းမာရေးစောင့်ရှောက်ရန်အတွက် ဒေါ်ဌေးဌေးရီ ရုံးအကူ (ထခွဲ)အလက(၃)က အလှူငွေကျပ် ငါးသောင်း၊ ဒေါ်နီနီလွင် မူလတန်းပြ(အမက)တပ်တွင်း ကျောင်းက ငွေကျပ်သုံးသောင်းအား လှူဒါန်းကြရာ ပီတိပညာရေး အဖွဲ့ဝင် ဆရာကြီး ဦးမြင့်ဆွေက လက်ခံရယူခဲ့ကြောင်း သိရသည်။

**စော်ထက်(သရက်)**

၀-၀-၀-၀-၀-၀-၀-၀


## ယာဉ်မောင်းသူများ လိုက်နာရန်

- မြို့တွင်းတစ်နာရီ ၄၈ (ကီလိုမီတာ)အတွင်း ယာဉ်များ မောင်းနှင်ရန်နှင့် ဆိုင်ကယ်စီးနင်းကြရန်။
- အရက်သောက်လျှင် (လုံးဝ) ကားမမောင်းရ၊ ဆိုင်ကယ်မစီးရ။
- ဆိုင်ကယ်များ(ညာလမ်း)မှ စီးနင်းကြရန်။
- (မီးနီ၊ မီးဝါ)လုံးဝ ဖြတ်မမောင်းရ၊ မစီးရ။

**မန္တလေးတိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ**


# မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**မိုင်းယန်း မတ် ၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယန်းခရိုင်၊ မိုင်းယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျော့ချစေရန် ရည်ရွယ်၍ မိုင်းလွေကျေးရွာအုပ်စု၊ရှဲကျင်ပုံလုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို တာဝန်ရှိသူများ မတ် ၈ ရက် နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းယန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရန်ကျော်၊ မိုင်းယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်လင်းထွန်းနှင့် ခရိုင်၊ မြို့နယ် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ရှဲကျင်ပုံလုံကျေးရွာ၌ မြစိမ်းရောင်စီမံကိန်း ရန်ပုံငွေများဖြင့် မိသားစုဝင်ငွေတိုးလုပ်ငန်းများဖြစ်သော စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများနှင့်လအလိုက် ဖြည့်သွင်းရသည့် စာရင်းဇယားများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ မှာကြားခဲ့သည်။

အဆိုပါ ရှဲကျင်ပုံလုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ယခုဘဏ္ဍာရေးနှစ်တွင် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ရှစ်ဦးကို ငွေကျပ်သိန်း ၂၀၀၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ရှစ်ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ်သိန်း ၂၀၀ ထုတ်ချေးထားပြီး မြစိမ်းရောင်စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း မိုင်းယန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူးက ပြောသည်။

(၀၄၀)

# ခွဲ

**ခွဲကောင်းလျှင် အောင်နိုင်**
**ခွဲနိုင်လျှင် အောင်မြဲ**
**ခွဲပါလျှင် အာကာရပ်ကို**
**ဖြတ်လိမ့်မလွဲ။**
**တက္ကသိုလ်မောင်သန့်စင်**
**အောင်မြင်မှု–**

လောကထဲ လူဖြစ်ခွင့်ရတုန်း လူသားတိုင်း အောင်မြင်မှု တောင့်တကြတယ်၊ မက်မောကြတယ်၊ ခုံမင်ကြတယ်၊ မြတ်နိုး ကြတယ်။

ဘာပဲပြောပြော အောင်မြင်ကြီးပွားချင်တဲ့ စိတ်ဆန္ဒရှိခြင်းမှာ လူသားတိုင်းရဲ့ ကောင်းမြတ်တဲ့ သဘာဝလက်ဆောင်တစ်ခုပါ။

လူငယ်တွေမှာတော့ သူတို့ဖြေဆိုထားကြတဲ့ စာမေးပွဲတွေ မကျရှုံးချင်ဘူး၊ အောင်မြင်ချင်ကြတယ်။

လူသားတိုင်း အရွယ်သုံးပါးနဲ့ ဘဝတစ်သက်တာ အသက် တွေ ကြီးပြင်းလာကြခြင်းမှာ သဘာဝပဲ။ ငြင်းလို့မရတဲ့အချက်ပါ။

ပထမအရွယ်မှာ ပညာရှာ၊ ဒုတိယအရွယ်မှာ ဥစ္စာရှာ၊ တတိယအရွယ်မှာ တရားရှာ။

**'တူရိယာကို ကျွမ်းအောင်ကျင့်၊**
**သံစဉ်ကို ပိုင်အောင်သင်၊**
**အရေးမပါတာတွေ အကုန်မေ့ထား၊**
**တီး(မှုတ်)မှာသာ တီး(မှုတ်)လိုက်စမ်းပါ။'**

**ချာလီပါကား Charlie Parker**

ဘဝတစ်ခုရလာရာ ကလေးဘဝမှစပြီး အခြေခံပညာ မူလ တန်း၊ အလယ်တန်း၊ အထက်တန်းဆိုင်ရာ ဘာသာရပ်စာပေတွေ ကျောင်းဖွင့်ရက်စာသင်ခန်းထဲ ပျင်းလို့ပဲဖြစ်ဖြစ်၊ ပျော်လို့ပဲဖြစ်ဖြစ် အမြဲမပြတ် ရေး၊ မှတ်၊ ဖတ်၊ ကျက်ပြီး အတန်းတင်စာမေးပွဲတွေ ကို ကျောင်းသား လူငယ်တွေက နှစ်စဉ် ဖြေဆိုကြရတယ်။

လူငယ်၊ လူရွယ်၊ လူကြီး မည်သူမဆို အားလုံးက ဘဝ တက္ကသိုလ်တက်နေကြတဲ့ ကျောင်းသားတွေပဲ။

လူငယ်တွေမှာ အခြေခံပညာကျောင်းတွေ တက်ရောက်ပြီး ကျောင်းစာမှာ အခြားအရာတွေထက် ပိုမိုစိတ်ဝင်စားပြီး အတန်း ပညာ၊ အတတ်ပညာ ကိုယ့်မှာ ရရှိသိမြင်အောင်မြင်ရန် နေ့စဉ် မပြတ် ဘာသာရပ်တွေ လေ့လာ၊ ဖတ်၊ မှတ်၊ တွက်ချက် လေ့ကျင့် လိုက်နာကြရပါမယ်။

စီးပွားရေး ငွေကြေးနေပေါ်ကြွယ်ဝမှုအတွက် လျှို့ဝှက်ချက် တစ်ခုကတော့ ရှင်သန်ခြင်းဖြစ်ကြောင်း စာအုပ်၊ စာပေများ ဖတ်မှတ်ရာတွင် သိခွင့်ရပါတယ်။

နေ့စဉ် ဈေးဆိုင်ဖွင့်၍ ဈေးရောင်းခြင်း၊ နေ့စဉ်ဝါသနာပါ၍ ချစ်မြတ်နိုးတဲ့ အလုပ်တစ်ခုကို စွဲမြဲစွာ လုပ်ကိုင်ဆောင်ရွက်ခြင်း ဆိုတာ အရည်အချင်း၊ အရည်အသွေးဖြစ်သလို အလုပ်ရှိခြင်း မှာ ဝင်ငွေတစ်ရပ်ရှိခြင်းပဲ ဖြစ်တယ်။

လောကမှာ လူအမျိုးမျိုး စိတ်အထွေထွေရှိကြပေရာ ကျောင်း သားလူငယ်များမှာ စာမေးပွဲတွေ အောင်မြင်ချင်တယ်။

စီးပွားရေးသမားတွေအဖို့တော့ ငွေကြေးနေတိုးပွားရေးမှာ သူတို့ အောင်မြင်ကြွယ်ဝချင်တယ်။ နယ်ပယ်အသီးသီးမှာ အောင် မြင်မှုအသီးအပွင့်ကို မက်မောစိတ်နဲ့ နေ့စဉ်ရှာဖွေနေကြတာ တွေ့ မြင်နိုင်တယ်။

ကြီးပွားရေးဆရာတစ်ဦးက ပြောတယ်။ လူသားတိုင်း တိုး တက်ရေး၊ ပေါများကြွယ်ဝချမ်းသာရေး၊ ငွေကြေးပြည့်စုံရေးဆိုတဲ့ အချက်အလက် အတိအကျ ကျုပ်မသိဘူး။

ကျုပ်သိတာတစ်ခုကတော့ မည်သူမဆို ကြီးပွားအောင်မြင် ချင်၊ တိုးတက်ချင်၊ ချမ်းသာချင်ကြပေမယ့် မကြီးပွားတဲ့အကြောင်း တစ်ခုမှာ အလုပ်တစ်ခုကို စွဲစွဲမြဲမြဲ ဖွဲ့နဲ့မလုပ်ကိုင်ခြင်း ဖြစ်ပါ တယ်။

အားလုံးသိကြပြီးဖြစ်တဲ့ ယုန်နဲ့လိပ် အပြေးပြိုင်ပွဲအကြောင်း က ပုံပြင်ဆိုသော်လည်း လက်တွေ့ဘဝမှာ အသုံးချ စိတ်ပညာ တစ်မျိုးဖြစ်ပါတယ်။

ဤနေရာမှာ အနောက်အရပ်ဘက်မှာ မြင်တွေ့ရတာတွေထဲက အလှတရားတစ်ခုကတော့ တောင်၊ မြောက်သွယ်တန်းရှည်လျား နေတဲ့ တောင်တန်းတစ်ခုပဲ ဖြစ်တယ်။

နိပွန်စကားပုံတစ်ခု။ 'လေတိုက်တိုင်း တောင်မရွေ့' ဟူ၏။ ကြောက်စရာကောင်းတဲ့ မုန်တိုင်းကို ပြင်းထန်တဲ့လေတွေ ဘယ် လောက်ပဲ တိုက်ခတ်ပါစေ တောင်တန်းတွေဆိုတာ ရွေ့မသွားပါ ဘူး။ အံ့သြစရာပဲ။

ကမ္ဘာမြေပေါ် တောင်တန်း၊ တောင်စွယ်၊ တောင်ကုန်းတွေ တည်ရှိနေတာဟာ အံ့သြဖွယ်အချက်အလက်ပါပဲ။ ဘယ်လိုအခြင်း အရာနဲ့ အနိမ့်အမြင့် တောင်တန်းတွေ ဖြစ်ပေါ်လာပါလိမ့်မယ်။ စဉ်းစားစရာပဲ။

အပင်ကြီးပြီး အသီးသေးတဲ့ ညောင်။ အမြင်နီးပြီး ခရီးဝေးတဲ့ တောင်။

ညောင်ပင်တွေ ထိုဒေသ၊ ဤဒေသ၊ ထိုမြို့၊ ဤရွာတွေမှာ တွေ့မြင်နိုင်ပြီး ငှက်တွေ နားခိုနိုင်သလို သံသရာခရီးသွား ဧည့်သည် တွေ ညောင်ညိုရိပ်မှာ နားနားနေနေနဲ့ စိတ်ခွန်အား တိုးပွားဖို့ အိပ်ချင် အိပ်၊ ထိုင်ချင် ထိုင်။

အမြင်နီး၍ ခရီးဝေးတဲ့ တောင်၊ အနောက်ဘက်အရပ်ရှိ တောင် စောင်းတစ်နေရာမှာ ငွေစေတီတော်တစ်ဆူက ရှုကြည့်မြင်ရလေ တိုင်း စာရေးသူရဲ့စိတ်ထဲ ကြည်နူးမှု၊ နှစ်သက်မှုနဲ့အတူ သဘာဝရဲ့ အလှတရားတစ်ခု။

တစ်နေ့တာဆုံးဖြတ်လိုက်တယ်။ ထိုတောင်ပေါ်မှာ လှမ်းမြင်နေ ရတဲ့ လွမ်းစေတီ(ခေါ်)ငွေစေတီရှိတဲ့နေရာ အရောက်သွားတယ်။

နေရောင်ရဲ့ အလင်းစွမ်းအားက အားကောင်းတုန်း။ တကယ် လက်တွေ့သွားဖြစ်တဲ့အခါ လူသွားလမ်းလေး တစ်နေရာတွေ့တယ်။

တောထဲဆိုတော့ ထင်းခုတ်သမားတွေ တောတိုးတဲ့လမ်းဖြစ် တာကြောင့် လမ်းပျောက်သွားတယ်။

စိတ်ဇောအဟုန်ကြောင့် စာရေးသူတစ်ကိုယ်တည်း ဘဝ တစ်သက်တာမှာ မထင်မှတ်တဲ့ တောင်တက်ခရီးတစ်ခု၏ အတွေ့ အကြုံ ဖြစ်ပါတယ်။

တောတောင်ထဲက တစ်နေရာရောက်တဲ့အခါ တဲလေးတစ်လုံး ကို တွေ့ရတယ်။ တဲကလေးရဲ့ဝန်းကျင်မှာ ချုံနွယ်ပိတ်ပေါင်းတွေ နဲ့ ရှုပ်ထွေးနေပြီး လူတစ်ယောက်မှမနေတဲ့ တိတ်ဆိတ်ငြိမ်သက် သော တဲကလေးဖြစ်ပါတယ်။

ထိုမှ စာရေးသူ ဆက်သွားတယ်။ ရည်မှန်းချက်ပဲပြောရမယ်။ တောင်ပေါ် တောင်ထိပ်စေတီတော်ရှိရာ သွားနေတဲ့အချိန်ကာလမှာ နောက်ပြန်ဆုတ်ရလည်းအခက်၊ ရှေ့တိုးပြန်လည်းအခက် တောင် တက်ခရီးကတော့ ပန်းမွေ့ရာ ရွှေကော်ဇောမဟုတ်ပါဘူး။

ဆူးပင်၊ ဆူးခက်တွေ၊ ဆူးချုံတွေဆိုတာ တောင်တက်ခရီး တစ်ခုမှာ အဟန့်အတားတွေ ဖြစ်ပါတယ်။

တောင်တက်ခရီးမှာတောင် ကမူနှစ်ခုကို ကျော်ဖြတ်ရပါ တယ်။

စာရေးသူရဲ့ စိတ်ခွန်အားကို မလျှော့ဟူ၍ စိတ်လေးတင်းပြီး ဆက်လက်ပြီး တောင်တက်ခရီးတစ်ခုကို တက်လိုက်ပါတယ်။

အချိန်အတန်ကြာ ဖွဲ့စိတ်ရဲ့တန်ခိုးကြောင့် တောင်ထိပ်ပေါ် ရောက်တဲ့ အခွင့်အလမ်းမှာ စိတ်ပျော်ရွှင်မှု၊ နှစ်သက်မှုရရှိလိုက် တယ်။

တောင်ထိပ်ရှိ လွမ်းစေတီဦးမှာ ငြိမ်းချမ်းရေးစေတီဖြစ် ကြောင်း သိရပြီး လောကနတ်ရုပ်တုမှာ မြန်မာနိုင်ငံတော်ငြိမ်းချမ်း ရေးကို ဖော်ဆောင်နေတဲ့ အောင်အတိတ်၊ အောင်နိမိတ်အဖြစ် တွေ့မြင်ရပါတယ်။

ငြိမ်းချမ်းရေးစေတီတော်မှာ အဖြူရောင်ငွေစေတီတော်ဖြစ်၍ ဖူးမြင်ရတဲ့ စာရေးသူမှာ စိတ်ရဲ့အေးငြိမ်းမှုရရှိပါတယ်။

ပဋ္ဌာန်းဆက်ဆွေတော်၊ မျိုးတော်များ တည်ထားကြောင်း ကျောက်စာချပ်မှာ ရေးထိုးမှတ်တမ်းတင်ထားတာ ဖတ်ရှုရပါတယ်။

တောင်ထိပ်ပေါ်က အောက်ကိုကြည့်တဲ့အခါ မြင်ကွင်းကျယ် ရှုခင်းအလှတရားမှာ တန်ဖိုးဖြတ်၍ မရနိုင်ပါ။

တကယ်တော့အောင်မြင်မှုမှာ ဖြတ်လမ်းမရှိဘူးဆိုတာ အမှန် တရားပါပဲ။

အောင်မြင်မှု တောင်ထိပ်ပေါ်ရောက်ဖို့ ရည်မှန်းချက်၊ ဖွဲ့၊ စိတ်ခွန်အားပြင်းပြဖို့ စိတ်ဆန္ဒတွေ မဖြစ်မနေလိုအပ်ကြောင်း တောင်တက်ခရီးတစ်ခုရဲ့အတွေ့အကြုံက ဆရာတစ်ဆူလို သင်ပြ ပေးပါတယ်။

ညိုတစ်ချီး၊ ပြာတစ်လီ၊ မှောင်တစ်သွယ်နဲ့ တောင်စွယ် တွေ၊ တောင်ထိပ်တွေ၊ တောင်တန်းတွေဆိုတာ သဘာဝရဲ့ အလှ တရားတွေဖြစ်တာကြောင့် မုန်တိုင်းလေတွေတိုက်တိုင်း တောင် တန်းတွေကတော့ မရွေ့ဘဲ ပကတိငြိမ်သက်နေကြလေရဲ့။

မြတ်ထေရ်ကျော်

## နွေရာသီ အခြေခံအားကစားသင်တန်းဖွင့်ပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပ

**ပင်းတယ မတ် ၉**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပင်းတယမြို့နယ် အားကစားရုံ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ကြီးတွင် ၂၀၂၆ ခုနှစ် နွေရာသီ ကာလ နွေရာသီအားကစား သင်တန်းများဖွင့်ပွဲကို ယမန်နေ့ ညနေ ၃ နာရီက စည်ကားသိုက် မြိုက်စွာ ကျင်းပခဲ့သည်။



အခမ်းအနား၌ ဓနုကိုယ် ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံခန့်ခွဲ ရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအာကာလင်းက အမှာ စကားပြောကြားပြီး အလှူငွေများ ပေးအပ်ရာ သင်တန်းနည်းပြနှင့် အားကစားသမားများက လက်ခံ ရယူကြပြီး နွေရာသီအားကစား သင်တန်းဖွင့်ပွဲအထိမ်း အမှတ် အေရိုးဗစ်၊ ပြေးခုန်ပစ်အားကစား နည်းမျိုးစုံ၊ တိုက်ကွမ်ဒို၊ ဝူရှူး အားကစားနည်းမျိုးစုံ အစရှိ သည့် တက်ရောက်သင်ကြား လျက်ရှိသော သင်တန်းသား၊ သင်တန်းသူများက သက်ဆိုင်ရာ အားကစားနည်းမျိုးစုံ အကၢအလှ များဖြင့် ဖျော်ဖြေခဲ့ကြသည်။

အဆိုပါနွေရာသီအားကစား သင်တန်းများအား ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ စီမံခန့်ခွဲရေး နှင့် အုပ်ချုပ်ရေးကော်မတီမှ ကြီးမှူး၍ ဒေသ၊မြို့နယ် အား ကစားနှင့် ကာယပညာဦးစီးဌာန ဦးစီးအရာရှိများနှင့် သင်တန်း နည်းပြဆရာ၊ဆရာမများ ဦးစီး၍ ဓနုဒေသ ပင်းတယမြို့ပေါ် (၁၃) ရပ်ကွက်နှင့် ကျေးရွာအုပ်စု (၂၇)အုပ်စု၊ ကျေးရွာများမှ ကျောင်းသား၊ ကျောင်းသူများ နှင့် လူငယ်၊ လူရွယ်အမျိုးသား၊ အမျိုးသမီးများအား ဘောလုံး၊ ကြက်တောင်ရိုက်၊ တိုက်ကွမ်ဒို၊ ဝူရှူး၊ စားပွဲတင်တင်းနစ်၊ ပိုက် ကျော်ခြင်း၊ ပြေးခုန်ပစ်၊ ဖူဆယ်၊ အေရိုးဗစ် အစရှိသည့် ကစား နည်းများကို စာတွေ့၊ လက်တွေ့ သင်ကြားပေးခဲ့ကြောင်း သိရ သည်။

(ဓပုံ)
(၃၃၈)

## ဖောင်တော်ဦး၊ ဖောင်တော်ပဲ့ဘုရားနှစ်ဆူရှိ မင်္ဂလာဓမ္မာရုံတွင် သတ္တမအကြိမ်မြောက် ယဉ်ကျေးလိမ္မာသင်တန်းဖွင့်လှစ်

**မန္တလေး မတ် ၉**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်ရှိ ဖောင်တော်ဦး၊ ဖောင်တော်ပဲ့ ဘုရားနှစ်ဆူရှိ မင်္ဂလာဓမ္မာရုံတွင် သတ္တမအကြိမ်မြောက် ယဉ်ကျေးလိမ္မာသင်တန်းကို မတ် ၈ ရက်မှ ၁၇ ရက်အထိ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်သည်။

အဆိုပါသင်တန်းအား ဖောင်တော်ဦး၊ ဖောင်တော်ပဲ့ ဘုရားဂေါပကအဖွဲ့မှကြီးမှူးကာ နှစ်စဉ်နှစ်တိုင်း ဖွင့်လှစ်ပေးလျက်ရှိပြီး ယခုနှစ်တွင် သတ္တမအကြိမ်မြောက် ယဉ်ကျေးလိမ္မာသင်တန်းကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

သင်တန်းဖွင့်ပွဲတွင် မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တတိက္ခဉာဏာဘိဝံသ၊ မစိုးရိမ်တိုက်သစ် ဓမ္မဂါရဝကျောင်းဆရာတော်၊ ချမ်းမြသာစည်မြို့နယ် သံဃနယကအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တအာစိဏ္ဏ၊ ဓမ္မာစရိယ မဟာဂန္ထဝါစကပဏ္ဍိတ၊ ဘုရားကြီးတိုက် ပွဲစားကြီးကျောင်း ဆရာတော်၊ အမှူးပြုသံဃာတော်များ ကြွရောက်တော်မူကြပြီး ချမ်းမြသာစည်မြို့နယ် ဥပဋ္ဌာကအဖွဲ့ဥက္ကဋ္ဌ၊ သုဓမ္မဘူမိ (အဘိဓမ္မာအသင်းကြီး)၏ နာယကသမားတော်ကြီး ဦးသန်းထွန်းနှင့် ဂေါပကအဖွဲ့ဝင်များ၊ ယဉ်ကျေးလိမ္မာသင်တန်းတွင် သင်တန်းပြသမည့် သုဓမ္မဘူမိ(အဘိဓမ္မာအသင်းကြီး၊ သံယုတ္တနိကယ်ဒီပလိမာ မန္တလေးစာဖြေဌာန(၄)၊ သုဓမ္မဘူမိ ယဉ်ကျေးလိမ္မာအသင်းကြီး) ဦးစီးတည်ထောင်သော သင်တန်းမှူး ဆရာမကြီး ဒေါ်သဲသဲသိန်း၊ သင်တန်းနည်းပြဆရာ၊ ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူ ၁၅၀ ဦး၊ ဝေယျာဝစ္စလုပ်ဆောင်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ချမ်းမြသာစည်မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ထံမှ သီလခံယူတည်ဆောက်တည်ကြပြီး ဂေါပကအဖွဲ့ဥက္ကဋ္ဌ သမားတော်ကြီးဦးသန်းထွန်းက သင်တန်းဖွင့်လှစ်ရခြင်းအကြောင်း လျှောက်ထားပြီး ဆရာမကြီးက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ပြောကြားကာ သံဃာတော်များအား ဝတ္ထုငွေဆပ်ကပ်လှူဒါန်းပြီး ဆွမ်းကပ်ခြင်း၊ တက်ရောက်လာသူများအား နံနက်စာထမင်းဖြင့် ဧည့်ခံကျွေးမွေးခြင်းနှင့် သင်တန်းသား၊ သင်တန်းသူများအား ထမင်းဘူးများ ကုသိုလ်ပြုလှူဒါန်းကြသည်။

အဆိုပါသင်တန်းအား ဖွင့်လှစ်ရခြင်းမှာ အနာဂတ်တွင် သားငယ်၊ သမီးငယ်များ ယဉ်ကျေးလိမ္မာလာပြီး ကိုးကွယ်မှု၊ ယုံကြည်မှုမှန်ကန်လာ၍ အမျိုးဘာသာသာသနာကို ကိုးကွယ်စောင့်ရှောက်နိုင်သည့် အမျိုးကောင်းသား၊ သမီးများဖြစ်လာစေရန် ဂေါပကအဖွဲ့မှကြီးမှူး၍ ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၈)

*-*-*-*

*-*-*-*-*-*



## မြစိမ်းရောင်စီမံကိန်း ငွေစာရင်းထိန်းသိမ်းနည်းသင်တန်းပို့ချ

**မချမ်းဘော မတ် ၉**

ကချင်ပြည်နယ်၊ ပူတာအိုခရိုင်၊ မချမ်းဘောမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နေသည့်ကျေးရွာ ၁၉ ရွာမှ မြစိမ်းရောင်စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များမှ သင်တန်းသား၊ သင်တန်းသူ ၁၈ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေစီမံခန့်ခွဲမှုနှင့် ငွေစာရင်းထိန်းသိမ်းနည်း သင်တန်းပို့ချခြင်းကို ယမန်နေ့ နံနက်ပိုင်းက မချမ်းဘောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပို့ချခဲ့သည်။



ရှေးဦးစွာ မချမ်းဘောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဦးကျော်နိုင်မင်းက မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေစီမံခန့်ခွဲမှုနှင့် ငွေစာရင်းထိန်းသိမ်းနည်း သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်းလက်စွဲစာစောင်ပါ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ၏ လုပ်ငန်းတာဝန်များ၊ မိမိတို့ကျေးရွာ ဖွံ့ဖြိုးရေးအတွက် စီမံကိန်းလုပ်ငန်းများတွင် ပူးပေါင်းပါဝင် လုပ်ဆောင်နိုင်ရမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မချမ်းဘောမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးထိန်နိုနော်ဒင်းက မြစိမ်းရောင်ကျေးရွာ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုက်နာရမည့် ရန်ပုံငွေစီမံခန့်ခွဲမှုဆိုင်ရာစည်းကမ်းချက်များ ကျေးရွာတွင်ထားရှိရမည့် ငွေစာရင်းပုံစံ ၁၀ မျိုးကို အမျိုးအစားအလိုက် ဖြည့်သွင်းနည်း ချေးငွေလျှောက်လွှာနှင့် စာချုပ်ဖြည့်သွင်းနည်း အစည်းအဝေးမှတ်တမ်း ရေးသားနည်းတို့ကို သင်ကြားပို့ချခဲ့သည်။

အဆိုပါသင်တန်းသို့ မချမ်းဘောမြို့နယ်အတွင်းမှ မြစိမ်းရောင်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ကျေးရွာ ၁၉ ရွာမှ သင်တန်းသား၊ သင်တန်းသူ၁၈ဦးကို သင်တန်းတွင် စီမံကိန်းဆိုင်ရာဘာသာရပ်များကို ကျွမ်းကျင်နည်းပြများက စာတွေ့၊ လက်တွေ့ အခမဲ့သင်ကြားပို့ချခဲ့ကြောင်း မချမ်းဘောမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူးက ပြောသည်။

(အပေါ်ဝဲပုံ)

အောင်ရဲကျော်




ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## နွေဦးပိတောက်

* အညာပိတောက်ရယ်မို့
နွေပူတာ မကြောက်ပါဘု
စိမ်းဝါဝါ ရွက်နုတွေက
သူ့ဘဝရဲ့ အားမာန်ပါ ။

* တစ်ပင်လုံးမှာ ပိတောက်ဖူးတွေနဲ့
လေအမြူးမှာ ယိမ်းနွဲ့ကာ
ထက်ဝဋ္ဌာ မိုးစက်ဖြာရင်တော့
တို့အညာ သာစခန်းမှာလ
ပိတောက်ပန်းတွေနဲ့ အလှဝေဖြာ ။

* လေအဝေ့မှာ ရနံ့ဖြာပိတောက်ပန်းတွေက
ရွှေရောင်လွှမ်းကာ တစ်ပင်လုံးပွင့်ပြန်တော့
ဆွတ်ချူရန်မှာ မဝံ့ရဲ ။

* တပေါင်း၊ တန်ခူး
သည်နွေဦးမှာ အပူထားသော်လည်း
နှစ်အကူးမှာ ပိတောက်ဖူးတွေနဲ့
ရွှင်မြူးကာ နှစ်ဦးကြိုလေတော့
သည်တစ်နွေ အညာမြေတစ်လျှောက်မှာဖြင့်
ပန်းပိတောက်တွေ ဝေဆာလို့ရယ်
(အိုကွယ်)
စိတ်မယ်ရွှင်လန်း ။ ။

ခိုင်ခန့်(အမရပူရ)

## အခြေခံပန်းချီရေးဆွဲနည်းသင်တန်း ဖွင့်လှစ်

**တောင်တွင်းကြီး မတ် ၉**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်တွင် ကျောင်းသား၊ ကျောင်းသူများ နွေရာသီကျောင်းပိတ်ရက်ကာလတွင် အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန်၊ ပန်းချီအနုပညာကို စိတ်ကူးစိတ်သန်းကောင်းကောင်းဖြင့် ရေးဆွဲနိုင်စေရန်အတွက် နွေရာသီအခြေခံပန်းချီရေးဆွဲနည်း သင်တန်းကို ယမန်နေ့ နံနက် ၉ နာရီခွဲက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (Community Centre)ခန်းမ၌ ဖွင့်လှစ်ခဲ့သည်။



အဆိုပါအခြေခံပန်းချီရေးဆွဲနည်းသင်တန်းတွင် ပန်းချီဆရာဦးသူရကျော်က ပန်းချီပညာတွင် အခြေခံကျသည့် မျဉ်းကြောင်းရေးဆွဲနည်း၊ အလင်းအမှောင်၊ ပန်းချီပညာအယူအဆနှင့် ပန်းချီပညာ၏ အခြေခံစည်းမျဉ်းစည်းကမ်းများကို ကျောင်းသား၊ ကျောင်းသူများ နားလည်သိရှိစေရန် မတ် ၂၆ ရက်အထိ သင်ကြားပေးမည်ဖြစ်ပြီး အဆိုပါသင်တန်းသို့ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၅၀ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

နောင်နောင်(မိဿနီးမြေ)

*-*-*-*-*-*

## "အဘိဓဇမဟာရဋ္ဌဂုရု"ဘွဲ့တံဆိပ်တော်ရဆရာတော်ကြီးအား ဂုဏ်ပြုကြိုဆို

**ပခုက္ကူ မတ် ၉**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့၊ မဟာဝိသုတာရာမ ပါဠိတက္ကသိုလ်(အလယ်တိုက်) ပဓာနနာယက နိုင်ငံတော်သြဝါဒါစရိယဆရာတော် ဘဒ္ဒန္တပညာဇောတ(အဂ္ဂမဟာပဏ္ဍိတ)အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းရာ တပည့် ဒါယကာ၊ ဒါယိကာမများက မတ် ၃ ရက် မွန်းလွဲ ၂ နာရီတွင် ဂုဏ်ပြုကြိုဆိုကြသည်။

ထိုသို့ ဂုဏ်ပြုကြိုဆိုပွဲအခါ ရာတွင် ဆရာတော်ကြီး၏တပည့်သံဃာတော်များ၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်နိုင်နှင့် အဖွဲ့ဝင်များ၊ ပခုက္ကူတက္ကသိုလ် ခေတ္တပါမောက္ခချုပ် ဒေါက်တာတင်ထွန်းအောင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်စိုးမိုးနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ပခုက္ကူပညာရေးဒီဂရီကောလိပ်မှ ကျောင်းအုပ်ဆရာမကြီးနှင့် သင်တန်းသား၊ သင်တန်းသူများ၊ မြို့နယ်ပညာရေးမှူးနှင့် အခြေခံပညာကျောင်းများမှ တာဝန်ခံကျောင်းအုပ်ကြီးများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဒေသခံတပည့်ဒါယကာ၊ ဒါယိကာမများ၊ မြို့မိ၊ မြို့ဖများက ဇရာဝတီတံတား(ပခုက္ကူ)ထိပ်နေရာတွင် ပန်းဖလားများ ဆက်ကပ်လှူဒါန်း၍ ခရီးဦးကြိုဆိုကြသည်။



ထို့နောက် ဇရာဝတီတံတား (ပခုက္ကူ)မှ မြို့မလမ်းအတိုင်း၊ မြို့မလမ်းမှ အာဇာနည်လမ်း၊ အာဇာနည်လမ်းမှတစ်ဆင့် အမှတ် (၁၀)ရပ်ကွက်ရှိ မဟာဝိသုတာရာမပါဠိတက္ကသိုလ်(အလယ်တိုက်) အတွင်းသို့ ပင့်ဆောင်ခဲ့ကြရာ လမ်းဘေး ဝဲ၊ ယာတစ်လျှောက် သောင်းသောင်းဖြဖြကြည်ညိုပူဇော်သူများဖြင့် စည်ကားခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

(၃၄၀)

## ခနောတိုင်းရင်းသားယဉ်ကျေးမှု အကအလှပြိုင်ပွဲ ဆုပေးပွဲကျင်းပ

**ပင်းတယ မတ် ၉**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့၌ ၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက်မှ လပြည့်ကျော် တစ်ရက်အထိ ကျင်းပလျက်ရှိသော ၁၃၈၇ခုနှစ် ဓနုဒေသ၊ ပင်းတယမြို့နယ် ဂုဏ်ဆောင် ရွှေဉမင်သဘာဝ လိုဏ်ဂူတော်ဘုရား ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော်၌ ကျင်းပသော (၁၇)ကြိမ်မြောက် ဓနုဆုံစည်းရာနေ့ အထိမ်းအမှတ် ဓနုတိုင်းရင်းသားယဉ်ကျေးမှုအက ပြိုင်ပွဲဆုပေးပွဲကို မတ် ၂ ရက်၊ တပေါင်းလပြည့်နေ့ ည ၇ နာရီက ကျင်းပခဲ့သည်။



အဆိုပါဆုပေးပွဲတွင် ဓနုဒေသ၊ ပင်းတယမြို့နယ်နှင့် ကလောမြို့နယ်၊ ရပ်စောက်မြို့နယ်၊ တောင်ကြီးမြို့နယ် အစရှိသည့် မြို့နယ်များမှ ဓနုတိုင်းရင်းသား ယဉ်ကျေးမှုအက ပြိုင်ပွဲဝင်အဖွဲ့ စုစုပေါင်း ၁၅ ဖွဲ့မှ ဓနုတိုင်းရင်းသား ယဉ်ကျေးမှုတေးသံသာအိုးစည်ဗိုင်းသံချပ်သီချင်းစာသား၊ မီးတုတ်သိုင်း၊ ခြေလက်သိုင်း ရိုးရာအကအလှ၊ ဘက်စုံသိုင်း အက အစရှိသော ဓနုတိုင်းရင်းသားယဉ်ကျေးမှုအထိမ်းအမှတ် သက်သေပြပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုနှစ်ဆုရ ပြိုင်ပွဲဝင်အကအဖွဲ့များအား ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် ဆုကြေးငွေများ၊ ပြိုင်ပွဲအမှတ်ပေးဒိုင်လူကြီးများအား ဂုဏ်ပြုဆုမှတ်တမ်းများကို ဓနုတိုင်းရင်းသားဆုံစည်းရာနေ့ ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးနေမျိုးကျော်၊ အတွင်းရေးမှူး ဓနုတိုင်းရင်းသားယဉ်ကျေးမှု ခြေ၊ လက်၊ ခေါင်း၊ ခါး၊ ဓား၊ တုတ်၊ မီးသိုင်း အကပညာရှင် ဦးစိုးထက်အောင်နှင့် ပြိုင်ပွဲကျင်းပရေးကော်မတီဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များက အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

(၁၇)ကြိမ်မြောက် ဓနုဆုံစည်းရာနေ့ အထိမ်းအမှတ် ဓနုတိုင်းရင်းသားယဉ်ကျေးမှု အကအလှပြိုင်ပွဲတွင် ပင်းတယမြို့နယ်၊ သရက်ကုန်း ဓနုတိုင်းရင်းသား ယဉ်ကျေးမှုအကအဖွဲ့နှင့် ကလောမြို့နယ်၊ ကမ်းပါနီကျေးရွာ ဓနုတိုင်းရင်းသား ယဉ်ကျေးမှု အကအဖွဲ့တို့မှ နှစ်သိမ့်ဆုများ ရရှိကြပြီး ပြိုင်ပွဲတွင် ပထမဆုရ ကလောမြို့နယ်၊ လယ်ကြားကျေးရွာ ဓနုတိုင်းရင်းသားယဉ်ကျေးမှု အကအဖွဲ့၊ ဒုတိယဆုရ ပင်းတယမြို့နယ်၊ ကြေးတွင်းကုန်းကျေးရွာ ဓနုတိုင်းရင်းသားယဉ်ကျေးမှု အကအဖွဲ့နှင့် တတိယဆုရ တောင်ကြီးမြို့နယ်၊ သရက်ပင်လှကျေးရွာ ဓနုတိုင်းရင်းသားယဉ်ကျေးမှု အကအဖွဲ့တို့မှ ဆုရရှိသည့် ဓနုတိုင်းရင်းသားယဉ်ကျေးမှု အကအလှများဖြင့် ပြန်လည်ကပြဖျော်ဖြေတင်ဆက်ပေးခဲ့ကြပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

(၃၃၈)

## မွေးကင်းစမှ အသက်တစ်နှစ်ခွဲအထိ ကလေးငယ်များကို ပုံမှန်ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိ

**သရက် မတ် ၉**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ မွေးကင်းစမှ အသက်တစ်နှစ်ခွဲအထိ ကလေးငယ်များအား ပုံမှန် ကာကွယ်ဆေးထိုးနှံပေးခြင်းကို မတ် ၅ ရက် နံနက် ၉ နာရီက ပြည်တော်အေးရပ်ကွက် ဆင်ဖြူတော်ဘုရားကြီး ဓမ္မာရုံတွင် မြို့ပေါ်(၈)ရပ်ကွက်မှ မွေးကင်းစမှ အသက်တစ်နှစ်ခွဲအထိ ကလေးငယ်များကို ဆောင်ရွက်ပေးခဲ့သည်။

မွေးကင်းစမှ အသက်တစ်နှစ်ခွဲအထိ ကလေးငယ်များကို ပုံမှန်ကာကွယ်ဆေးထိုးနှံပေးရာတွင် အသက်နှစ်လ ကလေးငယ်များအား ဘီစီဂျီ၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှော၊ ပိုလီယို၊ ပြင်းထန်အဆုတ်ရောင်၊ ဆုံဆို့၊ ကြက်ညှာ၊ အသည်းရောင် အသားဝါ (ပထမအကြိမ်)၊ လေးလအရွယ်ကလေးငယ်များ အား ပိုလီယို၊ ပြင်းထန်အဆုတ်ရောင်၊ ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်အသားဝါ (ဘီ)၊ ဦးနှောက်အမြှေးရောင် (ဒုတိယ)အကြိမ်၊ ခြောက်လမှာ (တတိယအကြိမ်)ထိုးနှံရပြီး အသက်ကိုးလမှာ ဂျပန်ဦးနှောက်ရောင်၊ဝက်သက်၊ဂျိုက်သိုး(ပထမ) အကြိမ်နှင့် အသက်တစ်နှစ်(ခွဲ)မှာ ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်အသားဝါ (ဘီ)၊ ဦးနှောက်အမြှေးရောင်(ငါးမျိုးစပ်) ကာကွယ်ဆေးများကို စတုတ္ထအကြိမ်နှင့် ဝက်သက်-ဂျိုက်သိုး ကာကွယ်ဆေးများကို ဒုတိယအကြိမ် ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

**ဇော်ထက်(သရက်)**






## ရာသက်ပန် ဆွမ်းပဒေသာပင်လှူဒါန်း

**မန္တလေး မတ် ၉**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတွင် ယမန်နေ့ နံနက်ပိုင်းက ရာသက်ပန် ဆွမ်းပဒေသာပင်အတွက် အလှူငွေပေးအပ်ပွဲ ကျင်းပသည်။

ရှေးဦးစွာ သင်တန်းကျောင်းအုပ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ ဘဒ္ဒန္တကေသဝ (ဓမ္မာစရိယ၊ B.A)က အလှူရှင်မိသားစုအား ကောင်းမှုကုသိုလ် အစုစုတို့အတွက် ရေစက်ချအနုမောဒနာတရားဟောကြားချီးမြှင့်ပြီး မန္တလေး၊ ပါတ်ကုန်းဝန်းကျင်ရပ်နေ အလှူရှင် ဦးလှသော်+ဒေါ်သန်းကြည်မိသားစုက ရာသက်ပန် ဆွမ်းပဒေသာပင်အတွက် ယခင် လှူဒါန်းပြီး ငွေကျပ်သိန်း ၄၀၊ ဖြည့်စွက်လှူဒါန်းငွေကျပ် ၁၀ သိန်း၊ စုစုပေါင်းငွေကျပ်သိန်း ၅၀ ကို လှူဒါန်းရာ ဥပဋ္ဌာကအဖွဲ့တွဲဖက်အတွင်းရေးမှူး ဦးကျော်ဝင်းက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ အဆိုပါအလှူရှင်မိသားစုက ကျောင်းအုပ်ဆရာတော်အမှူးပြုသော ကထိကဆရာတော်များ၊ သင်တန်းသားသံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**PNT**



## ကျွန်းလှမြို့နယ်တွင် သက်ကြီးဘိုးဘွားများအား ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိ

**ကျွန်းလှ မတ် ၉**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် သက်ကြီးဘိုးဘွားများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းကို မတ် ၆ ရက် နံနက်ပိုင်းက မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာန၌ ဆောင်ရွက်ပေးခဲ့သည်။

ကျွန်းလှမြို့နယ် ဆရာဝန်ကြီး ဦးဆောင်၍ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန တာဝန်ရှိသူများက သက်ကြီးဘိုးဘွားများကို အပတ်စဉ် သောကြာနေ့တိုင်း သွေးပေါင်ချိန်ခြင်း၊ ဆီးချိုစစ်ဆေးပေးခြင်း၊ ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် ကျန်းမာရေးအသိပညာပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အပြင် အသက် နှစ်နှစ်အောက်ကလေးများအား ပုံမှန်ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များအား ကာကွယ်ဆေးများ ထိုးနှံခြင်း၊ ကျန်းမာရေးစစ်ဆေးပေးခြင်းများကို ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

(၄၈၀)

မျက်စိလှူကြ မျက်ကြည်ရ၊
မြတ်သည့်လှူဒါန။

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ အောင်မြေသာစံခရိုင်၊ အောင်မြေသာစံမြို့နယ်၊ ညောင်ကွဲရပ်ကွက်၊ အကွက်(၄၁၅-N)၊ ဦးပိုင်အမှတ်(၂၀၃/ဃ)၊ ဧရိယာ(၀ ဒသမ ၁၅၇၂)ဧကအတွင်းရှိ ဦးနေထွန်း အမည်ပေါက် ဂရန်မြေကွက်၏ မြောက်ဘက်ခြမ်းအစိတ်အပိုင်း ပေ(၂၀×၅၀) အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရေ အပါအဝင် မြေပေါ်-မြေအောက် နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက် ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ခင်သန်းနု(ဘ)ဦးဆတ္တား(၉/မရမ(နိုင်)၀၅၇၄၈၉)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသတို့ကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှု စာချုပ်စာတမ်း မူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်တင်ပြကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| ဒေါ်ဇာဇာမောင် | ဦးထွန်းလွင်ဦး | ဦးသိန်းဦး(ချယ်ရီမြေ) | ဦးအောင်ဇော်သူ | ဒေါ်သီတာကို |
|---|---|---|---|---|
| LL.B,DL-101-IP Law | LL.B,H.G.P | B.Sc,H.G.P,P.G.D.L | LL.B | LL.B |

တရားလွှတ်တော်ရှေ့နေများ
Mandalay Justice Law Firm
အမှတ်(၅၁)၊ ၈၇(A)လမ်း၊ ၂၄လမ်းနှင့် ၂၅လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။
09-2300786, 09-882300786, 09-43002998
E-mail;zarzarmaung,lawyer@gmail.com

## အကြင်လင်မယားအဖြစ်မှ အစ္စလာမ်တရားတော်နှင့်အညီ ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ ဆူးလေကုန်းကျေးရွာနေ ဦးအောင်ဆန်းမင်း(ခ)မုဟမ္မဒ်ကာစ်မ်(ဘ)ဦးသန်းမောင်(၉/ကဆန(နိုင်)၁၁၄၇၉၂)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာလိုက်ပါသည်။

ကျွန်ုပ်တို့၏အမှုသည်ဖြစ်သူ ဦးအောင်ဆန်းမင်းသည် မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နေ ဦးခင်မောင်ဝင်း၏ သမီးဖြစ်သူ ဒေါ်ပပဝင်း(ခ)ဒေါ်ခင်စပယ်ဦး(ခ)မိုင်မူနာဘီနှင့် ၂၀၀၀ ပြည့်နှစ်က အစ္စလာမ်တရားတော်နှင့်အညီ နေကာဟ်ပြုထိမ်းမြားလက်ထပ်ခဲ့ကြရာ သား၊သမီး(၄)ဦး ထွန်းကားခဲ့ပါသည်။ လွန်ခဲ့သော ၂၀၁၈ ခုနှစ်မှစ၍ စိတ်သဘောထားခြင်း မတိုက်ဆိုက်မှုများကြောင့် တစ်ဦးနှင့်တစ်ဦး ဆက်လက်ပေါင်းသင်းရန် မဖြစ်နိုင်တော့သည့်အတွက် ဦးအောင်ဆန်းမင်းမှ ဒေါ်ပပဝင်း(ခ)ဒေါ်ခင်စပယ်ဦးအား သွလာက်ရဂျီအီ ပေးခဲ့ပြီး ဖြစ်ပါသည်။ ယင်းကဲ့သို့ သွလာက်ပေးခဲ့သည့် အခြေအနေများနှင့်ပတ်သက်၍ မေ့သတ်မေးမြန်းခဲ့မှုအပေါ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် မြန်မာနိုင်ငံလုံးဆိုင်ရာ မော်လဝီအဖွဲ့ချုပ်(ဗဟို)မှ (၁၄-၃-၂၀၂၃)ရက်စွဲဖြင့် အကြင်လင်မယားအဖြစ်မှ အပြီးအပြတ် ကွာရှင်းပြတ်စဲမှုသည် အတည်ဖြစ် အထမြောက်ခဲ့ပြီးဖြစ်ကြောင်း မေ့သတ်ဆုံးဖြတ်ချက် ချမှတ်ခဲ့ပြီးလည်း ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်အမှုသည်ဖြစ်သူ ဦးအောင်ဆန်းမင်းနှင့် ဒေါ်ပပဝင်း(ခ)ဒေါ်ခင်စပယ်ဦးတို့သည် အစ္စလာမ်တရားတော်အရ လင်ခန်း မယားခန်း လုံးဝပြတ်စဲပြီးဖြစ်ပါကြောင်း တစ်ဦးနှင့်တစ်ဦး လွတ်လပ်သူများဖြစ်ကြကာ စီးပွားရေး၊ လူမှုရေး မည်သို့မျှ ပတ်သက်ဆက်နွှယ်ခြင်း မရှိတော့ပါကြောင်း ဒေါ်ပပဝင်း(ခ)ဒေါ်ခင်စပယ်ဦးနှင့် အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| ဒေါ်ဇာဇာမောင် | ဦးအောင်ဇော်သူ | ဦးသိန်းဦး(ချယ်ရီမြေ) | ဒေါ်သီတာကို |
|---|---|---|---|
| LL.B,DL-101-IP Law | LL.B | B.Sc,H.G.P,P.G.D.L | LL.B |

တရားလွှတ်တော်ရှေ့နေများ
Mandalay Justice Law Firm
အမှတ်(၅၀)၊ ၈၇(A)လမ်း၊ ၂၄လမ်းနှင့် ၂၅လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။
E-mail: zarzarmaung,lawyer@gmail.com

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ပုလဲငွေရောင်ရပ်ကွက်၊ အကွက်(၁၅၀)၊ ဦးပိုင်အမှတ်(၄-ခ) မြေကွက်ပေါ်တွင် ဦးညွန့်မြိုင်(ပါ-၂) နိုင်ငံသားစိစစ်ရေးကတ်အမှတ် (၅/ကနန(နိုင်)၀၀၃၄၄၂)က RC (၃)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ မေဃဂီရိရပ်ကွက်၊ အကွက်(၁၄၀)၊ ဦးပိုင်အမှတ်(၁၁) မြေကွက်ပေါ်တွင် ဦးအောင်မြင့် နိုင်ငံသားစိစစ်ရေးကတ်အမှတ် (၉/မနမ(နိုင်)၀၀၆၂၅၁)က SS(၃)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၂)ရပ်ကွက်၊ အကွက်(ပ-၈)၊ ဦးပိုင်အမှတ်(၄၆-က) မြေကွက်ပေါ်တွင် ဦးစိန်ဝင်း နိုင်ငံသားစိစစ်ရေးကတ်အမှတ် (၁၃/လရန(နိုင်)၁၁၇၄၁၉)က RC(၁)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(ဖဖ-၁)၊ ဦးပိုင်အမှတ်(၃၆)၊ ၅၃လမ်းနှင့် ၅၄လမ်းကြား၊ ၁၁၀(စီ)လမ်းရှိ ဓာဂရန်မြေကွက် အမည်ပေါက်သူ ဦးကြည်သောင်းထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၁၈၉၁/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်လွင်လွင်သန်း(၉/ပသက(နိုင်)၀၉၆၉၅၁)က ဓာဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၅၅၄၄/၂၀၂၅-၂၀၂၆)ဖြင့် ဓာမှုမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ (အိမ်ဆောက်မိန့်)

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာအရှေ့ရပ်ကွက်၊ အကွက်(၁၉၅)၊ ဦးပိုင်အမှတ်(၁၀) မြေကွက်ပေါ်တွင် ဒေါ်ခင်ညိုညို နိုင်ငံသားစိစစ်ရေးကတ်အမှတ် (၉/မနတ(နိုင်)၀၆၆၆၅၀)က RC (၂)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
အဆောက်အအုံနှင့်ကုန်ရုံဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ (အိမ်ဆောက်မိန့်)

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရွှေဘုန်းရှိန်ရပ်ကွက်၊ အကွက်(၈၃၃)၊ ဦးပိုင်အမှတ်(၂၅) မြေကွက်ပေါ်တွင် ဦးအောင်ဇော်မင်း(ပါ-၂) နိုင်ငံသားစိစစ်ရေးကတ်အမှတ် (၅/စကန(နိုင်)၂၀၈၃၅၈)က RC (၃)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
အဆောက်အအုံနှင့်ကုန်ရုံဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အနိပ်တော်ရပ်ကွက်၊ အကွက်အမှတ်(၄၁၇)၊ ဦးပိုင်အမှတ်(၈၃-ခ+၈၄-ဓ)၊ ဧရိယာ(၀ ဒသမ ၀၀၇၇ + ၀ ဒသမ ၀၂၅၄)ဧက အကျယ်အဝန်းရှိသော ဒေါ်သင်းသင်းရွှေ အမည်ပေါက် ဂရန်မြေကွက်များနှင့်ပတ်သက်၍ အများသိစေရန် သတိပေးကြေညာခြင်း

အထက်ဖော်ပြပါ မြေကွက်များနှင့် ယင်းမြေကွက်များပေါ်ရှိ အာရ်စီ (၂)ထပ်ခွဲ အဆောက်အအုံ၊ ရေမီတာ၊ အဝီစိတွင်း၊ လျှပ်စစ်မီတာ(ဆက်လက်သုံးစွဲခွင့် အပါအဝင်) သွယ်တန်းတပ်ဆင်ထားသော ပစ္စည်းအရပ်ရပ်အားလုံး၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမွေဆက်ခံပိုင်ဆိုင်သူ ဦးညိုမြင့်ထွန်း(ဘ)ဦးဉာဏ်မောင်(၇/တငန(နိုင်)၁၃၃၁၆၆)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်ဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ထိုအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်ခင်နီနီစိုး (LL.B) (တရားလွှတ်တော်ရှေ့နေ-၇၉၃၃)**

**Office - အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့် လမ်း၂၀ကြား၊ မန္တလေးမြို့။**

**ဖုန်း: 02-4068839 , 09-2006029 , 09-792006029 , 09-692006029**

**ladylawyer. khinninisoe @ gmail. com**

## ကုန်အမှတ်တံဆိပ် သတိပေးကြေညာခြင်း

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအရှေ့ရပ်ကွက်၊ အမှတ်(၁၄၁/၁၄)နေ **ဦးဇော်အောင်(ဘ) ဦးမြမောင်(၉/မရမ(နိုင်)၀၄၆၁၄၁)**ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဦးဇော်အောင် သည် ပူးတွဲဖော်ပြပါ **MEGA** အမည်ဖြင့် ဒီဂျစ်တယ်ကတ္တားအမျိုးမျိုးတို့ကို တစ်ဦးတည်း မူပိုင်ကုန်အမှတ်တံဆိပ်အဖြစ် မန္တလေးမြို့တော်စာချုပ်စာတမ်း မှတ်ပုံတင်ဌာနမှူးရုံးတွင်(၂၅-၁၁-၂၀၂၅) ရက်စွဲပါ မှတ်ပုံတင်စာချုပ်အမှတ်(**၂၃၀၂ / ၂၀၂၅**)အရ တရားဝင် မှတ်ပုံတင်သွင်းထားရှိခဲ့ပြီး **MEGA** အမည်ဖြင့် **ဒီဂျစ်တယ်ကတ္တားအမျိုးမျိုး**တို့ကို ရောင်းချလျက်ရှိရာ ကောင်းသတင်းဖြင့် ပြည်သူအများတစ်ခဲနက် အားပေး အသုံးပြုလျက် ရှိကြပါသည်။

သို့ဖြစ်၍ဖော်ပြပါ **MEGA** အမည်ဖြင့် **ဒီဂျစ်တယ်ကတ္တားအမျိုးမျိုး** ရောင်းဝယ်ရေးလုပ်ငန်းသည် **ဦးဇော်အောင်**၏ တစ်ဦးတည်းမူပိုင်အဖြစ် အသုံးပြုလျက်ရှိသည့် ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားဖြစ်ပါကြောင်း၊ အခြားမည်သူ တစ်ဦးတစ်ယောက်ကမျှ အဆိုပါကုန်အမှတ်တံဆိပ်တစ်ခုလုံးဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ဆင်တူယိုးမှားဖြစ်စေ၊ တုပပြုလုပ်၍ ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်း၊ မှာယူတင်သွင်းခြင်းတို့ကို မပြုလုပ်ကြရန်၊ ပြုလုပ်ပါက **ဦးဇော်အောင်**၏ လုပ်ငန်းအကျိုးစီးပွားနှင့်စပ်လျဉ်း၍ ထိခိုက်နစ်နာဆုံးရှုံးမှုအရပ်ရပ်အတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ တည်ဆဲတရားဥပဒေနှင့်အညီ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဝဏ္ဏ(LL.B) (တရားလွှတ်တော်ရှေ့နေ)**

**အမှတ်(ရျ-၄/ ၇၀-က)၊ ၆၁(ဘီ)လမ်း၊ ၁၀၈လမ်းနှင့် ၁၀၉လမ်းကြား၊ မြို့သစ်(၃)ရပ်ကွက်၊**

**ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၇၉၇၇၈၂၁၅၀၊ ၀၉-၉၇၀၁၁၅၁၁၈**

❖ မိမိနိုင်ငံတွင် မြေအရင်းအမြစ်၊ ရေအရင်းအမြစ်၊ သယံဇာတအရင်းအမြစ်များနှင့် လိုက်လျောညီထွေဖြစ်မည့် ရှိသင့်ရှိထိုက်သည့် လူဦးရေဖြစ်ပေါ်လာစေရန် မိမိနိုင်ငံနှင့်ကိုက်ညီသည့် လူဦးရေမူဝါဒများကို ရေးဆွဲချမှတ်ပြီး မျိုးဆက်သစ်တစ်ခုစာ ကြိုတင်မြော်တွေးကာ ပြင်ဆင်ဆောင်ရွက်သွားရန်လို...

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ပြည်ထောင်စုအစီရင်ခံစာ ထုတ်ပြန်ခြင်းအခမ်းအနားတွင် အမှာစကားပြောကြားမှုမှကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# မန္တလေးမြို့တွင် ၁၃၈၇ ခုနှစ်၊ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

မန္တလေး မတ် ၉

မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ်၊ ခရစ်နှစ် ၂၀၂၆ ခုနှစ်၊ ဧပြီ ၁၃ ရက်မှ ဧပြီ ၁၆ ရက်အထိ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို ကျင်းပမည်ဖြစ်ရာ မန္တလေးမြို့တွင် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အစည်းအဝေးသို့ မန္တလေးမြို့ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ကျင်းပရေးဗဟိုကော်မတီနာယက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အဖွဲ့ဝင် တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများနှင့် ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေး၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာလူမျိုးတို့၏ နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းသည့် မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်သည် ရှေးနှစ်ပေါင်းများစွာမှသည် ယနေ့အထိ မြန်မာတစ်မျိုးသားလုံး ပါဝင်ဆင်နွှဲလျက်ရှိသည့် ပွဲတော်ဖြစ်ပြီး ယူနက်စကို၏ လူသားမျိုးနွယ်ဆိုင်ရာ ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းဝင် အတည်ပြုသတ်မှတ်ခံရသည့် ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ် ရိုးရာပွဲတော်တစ်ခုဖြစ်ပါကြောင်း၊ ယခုနှစ်တွင် ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားများနှင့် သင်္ကြန်ကာလကို အနှစ်သာရရှိစွာဖြင့် ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ပါဝင်ဆင်နွှဲ၍ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ရာ ယခင်အတွေ့အကြုံများအပေါ် အားသာချက်၊ အားနည်းချက်များ သုံးသပ်ကာ တစ်တပ်တစ်အား ကြိုးပမ်းသွားကြစေလိုကြောင်းနှင့် နှစ်ဆန်း(၁)ရက် ကုသိုလ်ကောင်းမှုဆောင်ရွက်မည့် ကိစ္စများကိုလည်း ယခင်နှစ်များနည်းတူ စီမံဆောင်ရွက်သွားရန် ပြောကြားခဲ့သည်။



ငင်းနောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများက မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားများနှင့်ပတ်သက်၍ ဖြည့်စွက်ဆွေးနွေးပြောကြားပြီးနောက် လုပ်ငန်းကော်မတီဝင်များက လုပ်ငန်းကဏ္ဍများအလိုက် ဆောင်ရွက်မည့် အစီအမံများအား ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဖြည့်စွက်ဆွေးနွေးချက်များနှင့် ရှင်းလင်းတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

## Glan Master Futsal League II 2025- 2026 ပြိုင်ပွဲတွင် Galaxy FC အသင်း ဗိုလ်စွဲ

Glan Master Futsal League II 2025- 2026 ပြိုင်ပွဲ၏ နောက်ဆုံးပွဲစဉ်များကို မတ် ၉ ရက်က MFF Futsal Stadium တွင် ကျင်းပခဲ့ပြီး ပွဲစဉ်များ အားလုံးပြီးဆုံးချိန်တွင် Galaxy FC အသင်းသည် စုစုပေါင်းရမှတ် ၅၉ မှတ်ဖြင့် ချန်ပီယံဆုကို ရရှိခဲ့ခြင်းဖြစ်သည်။

ပွဲစဉ်များယှဉ်ပြိုင်ကစားပြီးချိန်တွင် ပြိုင်ပွဲ၏ ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပခဲ့ရာ အသန့်ရှင်းဆုံးဆု ရရှိခဲ့သော YRG Academy FC အသင်းကို အမှတ်တရဆုနှင့် ဆုကြေးငွေကျပ် သုံးသိန်း၊ အကောင်းဆုံး ဂိုးသမားဆု ရရှိခဲ့သော 7 Brother အသင်းမှ မင်းခန့်ချစ်အား အမှတ်တရဆုတံဆိပ်နှင့် ဆုကြေးငွေကျပ် ငါးသိန်း၊ ပြိုင်ပွဲ၏ အကောင်းဆုံးကစားသမားဆုရရှိခဲ့သော Galaxy FC မှ အာကာကျော်ကို အမှတ်တရဆုနှင့် ဆုကြေးငွေကျပ် ငါးသိန်း၊ စတုတ္ထဆုရရှိခဲ့သော Maryar NOKA FC အသင်းကို ဆုကြေးငွေကျပ် ၁၀ သိန်း၊ တတိယဆုရရှိခဲ့သော ULAD FC အသင်းကို တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးငွေကျပ် ၁၅ သိန်း၊ ဒုတိယဆုရရှိခဲ့သော 7 Brother FC အသင်းကို တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးငွေကျပ် သိန်း ၃၀၊ ပြိုင်ပွဲ၏ ချန်ပီယံဆုရရှိခဲ့သော Galaxy FC ကို တစ်ဦးချင်း ဆုတံဆိပ်နှင့် ဆုကြေးငွေကျပ် သိန်း ၅၀ နှင့် ချန်ပီယံဆုဖလား ပေးအပ်ချီးမြှင့်ခဲ့သည်။

(NGB)

## ၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ ရွေးကောက်ပွဲကန့်ကွက်လွှာအမှု နှစ်မှုကို ရွေးကောက်ပွဲခုံအဖွဲ့ (၁) နှင့် ရွေးကောက်ပွဲခုံအဖွဲ့ (၂) တို့ဖြင့် စတင်ကြားနာစစ်ဆေး

နေပြည်တော် မတ် ၉

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင်လည်းကောင်း၊ အပိုင်း (၂) ကို ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၁ ရက်တွင်လည်းကောင်း၊ အပိုင်း(၃)ကို ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင်လည်းကောင်း အောင်မြင်စွာ ကျင်းပပေးခဲ့ပြီး ၂၀၂၅ ခုနှစ် အထွေထွေ ရွေးကောက်ပွဲ အပိုင်း (၁) နှင့် အပိုင်း (၂) အတွက် သက်ဆိုင်ရာလွှတ်တော် ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၆၇၊ ပုဒ်မ ၆၈ နှင့် နည်းဥပဒေ ၁၁၂ တို့အရ တင်သွင်းလာသည့် ကန့်ကွက်လွှာအမှု နှစ်မှုကို ယနေ့ စတင်ကြားနာစစ်ဆေးသည်။

ယင်းအမှုများကို ကြားနာစစ်ဆေးနိုင်ရန် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၆၉ (က) (၁) အရ ၂၃-၂-၂၀၂၆ ရက်စွဲပါ အမိန့်အမှတ်၊ ၁/၂၀၂၆ နှင့် အမိန့်အမှတ်၊ ၂/၂၀၂၆ တို့ဖြင့် ကော်မရှင်အဖွဲ့ဝင်တစ်ဦးက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး ကျန်ကော်မရှင်အဖွဲ့ဝင် နှစ်ဦးပါဝင်သော ရွေးကောက်ပွဲခုံအဖွဲ့ (၁) နှင့် ရွေးကောက်ပွဲခုံအဖွဲ့(၂)တို့ကို ဖွဲ့စည်းခဲ့သည်။

ယနေ့တွင် ရွေးကောက်ပွဲခုံအဖွဲ့ (၁) က ကန့်ကွက်လွှာအမှုအမှတ် (၁/၂၀၂၅)၊ လျှောက်ထားသူ ဒေါက်တာကောင်းထက်ခိုင် (ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ) နှင့် လျှောက်ထားခံရသူ ဦးပေါင်ဇလန်း (ဇိုမီးအမျိုးသားပါတီ) အမှုကိုလည်းကောင်း၊ ရွေးကောက်ပွဲခုံအဖွဲ့(၂)က ကန့်ကွက်လွှာအမှုအမှတ် (၂/၂၀၂၅)၊ လျှောက်ထားသူ ဦးဝင်းကြူ (ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ)နှင့် လျှောက်ထားခံရသူ ဦးခိုင်ဦး (ပြည်သူ့ပါတီ) အမှုကိုလည်းကောင်း စတင်ကြားနာစစ်ဆေးကြောင်း သိရသည်။

သတင်းစဉ်